# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁ ရက်၊ ၂၀၀၇ ခုနှစ်၊ ဇွန် ၁၅ ရက်၊ သောကြာနေ့၊ အတွဲ (၄၆)၊ အမှတ် (၂၅၃)


**စစ်မှန်သော မျိုးချစ်စိတ်ဓာတ်**

✻ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

✻ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။




နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ရခိုင်ပြည်နယ် လေဘေးသင့်အိမ်ထောင်စုများအတွက် ဒုတိယအကြိမ် ထောက်ပံ့ရေးပစ္စည်းများနှင့် အလှူငွေပေးအပ်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

# ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း မိုးစပါးထွန်ယက်ခြင်းနှင့် မျိုးစေ့ချပွဲ အားပေးချီးမြှင့်

## သုတေသနစိုက်ကွက်များ၌ အစေ့ချစက်ဖြင့် အစေ့ချစိုက်ပျိုးနေမှု ကြည့်ရှုစစ်ဆေး ဒေသဆန်ဖူလုံအောင် အထွက်နှုန်းတိုးပြီး စိုက်ဧကတိုးတက်ရေး ဝိုင်းဝန်းကြိုးပမ်း

**နေပြည်တော် ဇွန် ၁၄**

ရခိုင်ပြည်နယ် စစ်တွေမြို့တွင် ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ဇွန် ၁၁ ရက် နံနက်ပိုင်းတွင် စစ်တွေမြို့ရှိ စစ်တွေတပ်နယ်၏ ၂၀၀၇–၂၀၀၈ ခုနှစ် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ✻

**မြန်မာ့အလင်း**

**ဆောင်းပါး အညွှန်း**

နိုင်ငံရေးသမားတစ်ယောက်ဟာ တကယ်လို့ ပြည်သူ့အရေးနဲ့ ကိုယ့်အရေး ယှဉ်လာရင် ကိုယ့်အရေးကို ဦးစားမပေးဘဲ ပြည်သူ့အရေးကို ဦးစားပေးရမယ်၊ ပြည်သူ့အရေးနဲ့ နိုင်ငံတော်အရေး ယှဉ်လာရင်လဲ နိုင်ငံတော်အရေးကို ဦးစားပေးရမယ်၊ ဒါဟာ နိုင်ငံရေးသမားတွေ လိုက်နာရမယ့်ကျင့်ဝတ်ပဲ။

ရဲဘော်တင်ရွှေ၏ ဆောင်းပါး (စာ ၈ – ၉)

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း
၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

## အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ ဇွန် ၁၅ ရက်)

# ဆည်တမံများ ရေရှည်တည်တံ့ရေး ဝိုင်းဝန်းထိန်းသိမ်း မိုးစပါး၊ နွေစပါးနှင့် သီးနှံစုံ ပိုမိုတိုးချဲ့စိုက်ပျိုး

နိုင်ငံတော်က လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အခြေခံစီးပွားရေးလုပ်ငန်းအဖြစ် သတ်မှတ်ထားပြီး စိုက်ပျိုးရေရရှိရေးကို အလေးထား ဖော်ဆောင်ပေးလျက်ရှိသည်။

မိုးနည်းရေရှားဒေသများဖြစ်သည့် အလယ်ပိုင်းနှင့် အထက်ပိုင်းဒေသများတွင် မြေပြင်အနေအထားပေါ်မူတည်၍ အကြီးစား၊ အလတ်စားနှင့် အငယ်စား ရေလှောင်တမံများ၊မြစ်ရေတင်လုပ်ငန်းများနှင့် မြေအောက်ရေရရှိရေးတို့ကို တည်ဆောက်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံ အောက်ပိုင်းဒေသများတွင် ရေလှောင်တမံများ၊ ရေလွှဲဆည်များ၊ ရေထိန်းတံခါးများနှင့် စိုက်ပျိုးမြေများသို့ ရေငန်ဝင်ရောက်ခြင်း၊ ရေလွှမ်းမိုးခြင်းတို့မှ ကာကွယ်နိုင်အောင် တာတမံများ၊ ရေနုတ်မြောင်းများကို ဖြည့်ဆည်းပေးလျက်ရှိသည်။

နိုင်ငံတစ်ဝန်း တည်ဆောက်ဖွင့်လှစ်ခဲ့သည့် ဆည်မြောင်းတာတမံများမှာ ကယားပြည်နယ်တွင် နှစ်ခု၊ ကရင်ပြည်နယ်တွင် တစ်ခု၊ ချင်းပြည်နယ်တွင် တစ်ခု၊ စစ်ကိုင်းတိုင်း၌ ၂၂ ခု၊ တနင်္သာရီတိုင်းတွင် တစ်ခု၊ ပဲခူးတိုင်းတွင် ၄၃ ခု၊ မကွေးတိုင်းတွင် ၃၇ ခု၊ မန္တလေးတိုင်းတွင် ၄၈ ခု၊ မွန်ပြည်နယ်တွင် ၁၀ ခု၊ ချင်းပြည်နယ်တွင် ငါးခု၊ ရန်ကုန်တိုင်းတွင် ၁၇ ခု၊ ရှမ်းပြည်နယ်တွင် လေးခုနှင့် ဧရာဝတီတိုင်းတွင် ကိုးခုဖြစ်သည်။

ယခုအခါ တစ်နိုင်ငံလုံးအနေဖြင့် ဆည်တမံစီမံကိန်း ၂၀၀ ကို အကောင်အထည်ဖော်နိုင်ခဲ့သည့်အတွက် လယ်မြေဧက ၂ ဒသမ ၆ သန်းကျော်ကို ဆည်ရေပေးဝေ စိုက်ပျိုးနိုင်လျက်ရှိသည်။

ထို့ပြင် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းရေးကို အားပေးလျက်ရှိရာ လယ်ယာသုံးစက်ကိရိယာများ တိုးတက်ဖြန့်ဖြူး ထုတ်လုပ်ပေးလျက်ရှိသည်။ ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် မျိုးကောင်းမျိုးသန့်များ အသုံးပြုစိုက်ပျိုးရေးနှင့် ခေတ်မီစိုက်ပျိုးရေးနည်းစနစ်များကိုလည်း ပံ့ပိုးကူညီပေးလျက်ရှိသည်။

သို့ဖြစ်ရာ စိုက်ပျိုးရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသဆိုင်ရာတာဝန်ရှိသူများနှင့် တောင်သူလယ်သမားများက ဆည်တမံများ ရေရှည်တည်တံ့ခိုင်မြဲရေး ဝိုင်းဝန်းထိန်းသိမ်းကြပြီး မိုးစပါး၊နွေစပါးနှင့် သီးထပ်သီးညှပ်သီးနှံများကို အင်တိုက်အားတိုက် တိုးချဲ့စိုက်ပျိုးသွားကြရမည် ဖြစ်ပေသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။




**ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် (၅) ရပ်ကွက် ညောင်တန်းအိမ်ရာ အဏ္ဏဝါလမ်းသွယ်(၁) ဘီ-၂နေ ဦးသိန်းစံ - ဒေါ်တင်ဝင်းမိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်းမင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်နှစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာ တရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)

# မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥပဒေပညာပေး ဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် ဇွန် ၁၄

**မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာနကြီးနှင့် ဥပဒေရေးရာလေ့လာရေးနှင့် အကြံပြုရေး လုပ်ငန်းအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သော ဥပဒေပညာပေးဆွေးနွေးပွဲကို ယမန်နေ့နံနက် ၈ နာရီက ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌဒေါ်ခင်သက်ဌေး၊ ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မာမာဝေနှင့် အဖွဲ့ဝင်များ၊ ဥပဒေရေးရာလေ့လာရေးနှင့် အကြံပြုရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်နီနီဝင်း၊ လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်း အဖွဲ့ခေါင်းဆောင် ဒေါက်တာ ဒေါ်စန္ဒာအောင်၊ စည်းကမ်းထိန်းသိမ်းရေး ဌာနကြီးမှူးဒေါ်မြသီဂီ၊ အတွင်းရေးမှူး အဖွဲ့ဝင်ဒေါက်တာ ဒေါ်သက်သက်ဇင်နှင့် ဒေါ်ကြူကြူ၊ သဃ်န်းကျွန်းမြို့နယ်မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။**





ရှေးဦးစွာ ဥပဒေရေးရာ လေ့လာရေးနှင့် အကြံပြုရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင်ဒေါ်နီနီဝင်းက အမှာစကားပြောကြားသည်။**(အပေါ်ပုံ)**

### မေးမြန်းဆွေးနွေး

ထို့နောက် ဥပဒေပညာပေးဆွေးနွေးပွဲကိုကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာနကြီး ဒုတိယခေါင်းဆောင် ရှေ့နေချုပ်ရုံးညွှန်ကြားရေးမှူး ဒေါ်ကျင်စန်းက စည်ပင်သာယာအဖွဲ့များ ဥပဒေနှင့် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးနေမှု ထိန်းချုပ်ရေးဥပဒေအကြောင်းကိုလည်းကောင်း၊ ရန်ကုန်တိုင်း ဥပဒေရုံးမှ ဒုတိယတိုင်း ဥပဒေအရာရှိဒေါ်ခင်မေဒေးက လောင်းကစားဥပဒေနှင့်မူးယစ်ဆေးဝါးဥပဒေအကြောင်းကိုလည်းကောင်း၊ရန်ကုန်တိုင်းဥပဒေရုံးမှ ဒုတိယတိုင်းဥပဒေအရာရှိ ဒေါ်ခင်မာမာက ပြစ်မှုဆိုင်ရာဥပဒေ အကြောင်းကိုလည်းကောင်း၊ ရှေ့နေချုပ်ရုံးမှအငြိမ်းစား ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြင့်ဆွေက လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေအကြောင်း သိကောင်းစရာများကို လည်းကောင်း၊ ဥပဒေပညာဌာနမှ ဒေါက်တာဒေါ်တင်မေထွန်းက မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေအကြောင်းကိုလည်းကောင်း၊ ဥပဒေပညာဌာနမှ အငြိမ်းစား ပါမောက္ခဒေါက်တာဒေါ်သန်းနွဲ့က ကလေးသူငယ်ဥပဒေအကြောင်းကိုလည်းကောင်း ဆွေးနွေးကြရာ ဆွေးနွေးပွဲတက်ရောက်သူများက သိရှိလိုသည်များကို ပါဝင်မေးမြန်းဆွေးနွေးကြသည်။

### အမှာစကားပြောကြား

ထို့နောက် ဥပဒေပညာဌာနမှ အငြိမ်းစားပါမောက္ခ ဒေါ်သန်းနွဲ့ကနိဂုံးချုပ်အမှာစကားပြောကြားကာ ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကျောင်းသုံးပစ္စည်းများ ပေးအပ်လှူဒါန်း

**ရန်ကုန် ဇွန် ၁၄**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်တင်တင်မြနှင့်အဖွဲ့ဝင်များသည် ယမန်နေ့ နံနက်ပိုင်းက မင်္ဂလာတောင်ညွန့်မြို့နယ် ဓမ္မရက္ခိတဘုန်းတော်ကြီးသင် ပညာရေးကျောင်းသို့ ကျောင်းသုံးစာရေးကိရိယာများနှင့် အလှူငွေကျပ်တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းသည်။

### လှူဒါန်း

ဆက်လက်၍ သာကေတမြို့နယ် ၄က်ပျောကျွန်း ရွှေမဉ္ဇူသီလရှင်သင်(အမျိုးသမီး) ပညာရေးကျောင်းသို့ သွားရောက်ကာ ကျောင်းသုံးစာရေးကိရိယာများနှင့် အလှူငွေကျပ်တစ်သိန်းကို လှူဒါန်းသည်။

### ရှင်းလင်းတင်ပြ

အခမ်းအနားများတွင် ဗဟိုအလုပ်အမှုဆောင်ဒေါ်တင်တင်မြက ကျောင်းသုံးစာရေးကိရိယာများ လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းလျှောက်ထားပြီး ဗဟိုအလုပ်အမှုဆောင် ဒေါ်တင်တင်မြ၊ ဒေါ်ခင်သန်းဝင်းနှင့် ဒေါက်တာဒေါ်ခင်မြဝင်းတို့က တစ်ကျောင်းလျှင် ကျောင်းသုံးဗလာစာအုပ် ဒါဇင် ၅၀၊ ရောင်စုံခဲတံ၊ ရိုးရိုးခဲတံ၊ ခဲဖျက်များနှင့်အလှူငွေကျပ်တစ်သိန်းစီ လှူဒါန်းကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မူးယစ်ကင်းစင် အလှဆင်

## မြဝတီ ရုပ်မြင်သံကြား

**၁၅-၆-၂၀၀၇ (သောကြာနေ့)**

### နံနက်ပိုင်း

| | | |
|---|---|---|
| ၇:၀၀ | ၁။ | မြဝတီအဖွင့် |
| ၇:၀၅ | ၂။ | အဖွင့်သီချင်း |
| ၇:၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇:၂၀ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇:၃၀ | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇:၄၅ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ် |
| ၇:၅၀ | ၇။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၇:၅၅ | ၈။ | အမျိုးသားရေးလက္ခဏာ ညွှန်းဖွဲ့တေးကဗျာ |
| ၈:၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈:၁၀ | ၁၀။ | အမျိုးသားရေးလက္ခဏာ ညွှန်းဖွဲ့တေးကဗျာ |

### ညပိုင်း

| | | |
|---|---|---|
| ၄:၀၀ | ၁။ | မြဝတီအဖွင့် |
| ၄:၀၅ | ၂။ | အဖွင့်သီချင်း |
| ၄:၁၀ | ၃။ | လက်စွမ်းပြပဟန်ဂီတသံ |
| ၄:၁၅ | ၄။ | ရင်ခုန်စီးဆင်း အချစ်သီချင်း |
| ၄:၃၅ | ၅။ | နားဝင်ငြိမ့်စီး သီချင်းကြီး |
| ၄:၅၅ | ၆။ | မျိုးချစ်တပ်မတော် |
| ၅:၂၅ | ၇။ | အလွမ်းတေးပန်းချီ ချစ်သူဆီ |
| ၅:၃၅ | ၈။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၆:၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆:၁၀ | ၁၀။ | နိုင်ငံတကာသတင်း |
| ၆:၂၀ | ၁၁။ | မိုးလေဝသသတင်း |
| ၆:၂၅ | ၁၂။ | အမျိုးသားရေးလက္ခဏာ ညွှန်းဖွဲ့တေးကဗျာ |
| ၆:၄၀ | ၁၃။ | စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား |
| ၆:၄၅ | ၁၄။ | လျှပ်တစ်ပြက် |
| ၇:၀၀ | ၁၅။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပဲပေါင်မုန့်** (အပိုင်း-၁) |
| ၈:၀၀ | ၁၆။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၇။ | အမျိုးသားရေးလက္ခဏာ ညွှန်းဖွဲ့တေးကဗျာ |
| | ၁၈။ | စိုက်ပျိုးသုတ |
| | ၁၉။ | ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင် |
| | ၂၀။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အထူးရဲ** (အပိုင်း-၁၆) |

**ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် ရခိုင်ပြည်နယ် လေဘေးသင့် အိမ်ထောင်စုများအတွက် Emergency Kits ကျန်းမာရေး ဆေးပုံးများကို ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်ထံ ပေးအပ်စဉ်။** (သတင်းစဉ်)



* ရှေ့ဖုံးမှ

## ရှင်းလင်းတင်ပြ

ရှေးဦးစွာ စစ်တွေတပ်နယ်မှ ဗိုလ်မှူးချုပ်သန်းထွန်းအောင်က စစ်တွေတပ်နယ်ရှိ တပ်ရင်းတပ်ဖွဲ့များအနေဖြင့် ခြံစည်းရိုးကြက်ဆူကို ယခင်နှစ်က ဧက ၄၀၀ စိုက်ပျိုးခဲ့ပြီး ယခုနှစ်တွင် ဧက၁၀၀၀ ဆက်လက်စိုက်ပျိုးရန် အစီအမံများ ချမှတ်ဆောင်ရွက်နေမှုများနှင့် ယခုစိုက်ပျိုးပွဲတွင် ခြံစည်းရိုးကြက်ဆူ ငါးဧက စိုက်ပျိုးမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက တပ်ရင်းတပ်ဖွဲ့အလိုက် စိုက်ဧကများ သတ်မှတ်ပြီး အပြည့်အဝ စိုက်ပျိုးရေး၊ ယခင်နှစ်စိုက်ပျိုးခဲ့သောအပင်များအနက် ပျက်စီးသော အပင်များကိုပါ အစားထိုး စိုက်ပျိုးသွားရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့် ဝန်ကြီးများက ခြံစည်းရိုးကြက်ဆူပျိုးပင်များနှင့် မျိုးကိုင်းများကို စစ်တွေတပ်နယ်မှ တပ်ရင်းတပ်ဖွဲ့များနှင့် လူမှုရေးအသင်းအဖွဲ့များအား ပေးအပ်ကြပြီး ခြံစည်းရိုးကြက်ဆူ မျိုးကိုင်းနှင့် မျိုးစေ့များကို ပျိုးထောင်စိုက်ပျိုးပေးကြကာ ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးမှုများကို လိုက်လံကြည့်ရှုအားပေးကြသည်။

## တက်ရောက်

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် စစ်တွေမြို့အဝင်၌ ကျင်းပသော ရခိုင်ပြည်နယ် မိုးစပါး စုပေါင်းထွန်ယက်ခြင်းနှင့် မျိုးစေ့ချပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာ့စိုက်ပျိုးရေး လုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးဝင်းမြင့်က ရခိုင်ပြည်နယ်၏ မိုးစပါးစိုက်ပျိုးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက ပြည်နယ်အနေဖြင့် ဒေသဆန် ဖူလုံမှုရှိအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊အထွက်နှုန်းတိုးတက်ရေး၊ စိုက်ဧက ပိုမိုတိုးတက်ရေးတို့အတွက် တက်ညီလက်ညီ ဝိုင်းဝန်းဆောင်ရွက်ကြရန် မှာကြားသည်။

## ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် သုတေသန စိုက်ကွက်များ၌ အစေ့ချစက်ဖြင့် အစေ့ချစိုက်ပျိုးနေမှု၊ကြိုးတန်းစနစ်ဖြင့်တိုက်ရိုက်အစေ့ချ စိုက်ပျိုးနေမှုနှင့် စိုက်ပျိုးပွဲ၌ ခင်းကျင်းပြသထားသော ပြခန်းများကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူး၊ ဝန်ကြီးများနှင့် အဖွဲ့ဝင်များသည် စစ်တွေမြို့ မြို့တော်ခန်းမရှိ အစည်းအဝေးခန်းမ၌ ကျင်းပသော ရခိုင်ပြည်နယ် လေဘေးသင့် အိမ်ထောင်စုများအတွက် ဒုတိယအကြိမ် ထောက်ပံ့ရေးပစ္စည်းများနှင့် အလှူငွေများပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသော အခမ်းအနားသည် မိမိတို့ကိုယ်တိုင်ကိုယ်ကျ ကျေးရွာများအထိ သွားရောက်၍ မထောက်ပံ့နိုင်သေးသော ကျန်မြို့နယ်နှင့် ကျေးရွာများရှိ လေဘေးသင့် ပြည်သူများ အတွက် စုပေါင်းထောက်ပံ့သည့် အခမ်းအနားဖြစ်ကြောင်း။

လေဘေးသင့် မိသားစုများကို ဝန်ကြီးဌာန၊ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်ပြည်သူများက မြန်မာတို့၏ ဓလေ့ထုံးတမ်းစဉ်လာများနှင့်အညီ ဝိုင်းဝန်းကူညီပံ့ပိုးခြင်း၊ ထောက်ပံ့ရေးပစ္စည်းများနှင့် အလှူငွေများ ထည့်ဝင်လှူဒါန်းခြင်းတို့ဖြင့် ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက တာဝန်ယူကြီးကြပ်၍ ပျက်စီးမှုများကို အချိန်မီ ပြန်လည်ပြုပြင် တည်ဆောက်နိုင်သည်ကို မိမိသွားရောက်ခဲ့သည့် ကျေးရွာများတွင် တွေ့မြင်ခဲ့ရကြောင်း။

## ဝိုင်းဝန်းကူညီ

ကြုံတွေ့ခဲ့သည်များအပေါ်သုံးသပ်၍ နောင်တွင်အလားတူ ဘေးအန္တရာယ်များအတွက် ကြိုတင်သတင်းရယူ၍ ကြိုတင်အသိပေးနှိုးဆော်ခြင်း၊ ဘေးကြုံရစဉ် ဝိုင်းဝန်းပူးပေါင်း၍ လိုအပ်သည်များကို လုပ်ဆောင်ခြင်းတို့အပြင် ဘေးအန္တရာယ်ကျရောက်သူ မိသားစုများကို နိုင်ငံတော်က လိုအပ်သော ကူညီပံ့ပိုးမှုများကို မြန်နိုင်သမျှ မြန်စွာ ဖြည့်ဆည်းပေးသကဲ့သို့ ပြည်သူများ၊ လူမှုရေး အသင်းအဖွဲ့များကလည်း ဝိုင်းဝန်းပါဝင် ကူညီပံ့ပိုး လှူဒါန်းကြရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက ဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ရခိုင်ပြည်နယ် လေဘေးသင့်မိသားစုများအတွက် ဒုတိယအကြိမ် ထောက်ပံ့ရေးပစ္စည်းများနှင့် အလှူငွေများပေးအပ်ခြင်း အစီအစဉ်ကို ကျင်းပရာ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ လှူဒါန်းသည့် ငွေကျပ်သိန်း ၁၂၀၀ တန်ဖိုးရှိ စောင်အထည် ၄၅၀၀၊ ရွက်ဖျင်တဲအလုံး ၄၀နှင့် ရေဘူး အလုံး ၉၆၀တို့ကို တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်ထံ ပေးအပ်သည်။

## ပေးအပ်

ဆက်လက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေကငွေကျပ်၁၆၂၀၇၅၀၀ တန်ဖိုးရှိ ကယ်ဆယ်ရေးပစ္စည်း ယူနစ် ၂၁၆၁ခု၊ဆန်ဖိုးကျသင့်ငွေကျပ်၁၈၂၀၀၀၀၊ သေဆုံးထောက်ပံ့ကြေး ငွေကျပ် ၁၄ သိန်းနှင့် ငွေကျပ်သိန်း ၂၀၀ တန်ဖိုးရှိသော သွပ်ချပ်ရေ ၄၀၀၀ တို့ကိုလည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က ငွေကျပ်သိန်း၂၀၀တန်ဖိုးရှိသော Emergency Kits ဆေးပုံး ၅၀ကို လည်းကောင်း၊ အလှူရှင်များကိုယ်စား ကုန်ပို့လုပ်ငန်းကိုယ်စားလှယ် ဦးကျော်တောင်က အလှူရှင်များ၏ စုပေါင်းလှူဒါန်းငွေကျပ် ၁၇၇၀၉၀၀၀ ကိုလည်းကောင်း တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်ထံ ပေးအပ်ကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်က ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် အခမ်းအနားတက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး လေဘေးသင့်မိသားစုများအတွက် ဒုတိယအကြိမ် လှူဒါန်းသည့် ထောက်ပံ့ရေးပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။

## လှူဒါန်းမှုအစုစု

ယနေ့ကျင်းပသော ရခိုင်ပြည်နယ်၏ လေဘေးသင့်အိမ်ထောင်စုများအတွက် ဒုတိယအကြိမ် ထောက်ပံ့ပစ္စည်းနှင့် အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် လှူဒါန်းမှုအရပ်ရပ်မှာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ထောက်ပံ့ရေးပစ္စည်းများနှင့် ငွေသားတန်ဖိုးမှာ ကျပ်၁၅၉၄၂၇၅၀၀၊ ကျန်းမာရေးဝန်ကြီးဌာနမှ ဆေးနှင့် ဆေးပစ္စည်းများ၏ငွေသားတန်ဖိုးမှာကျပ်၂၀၀၀၀၀၀၀ နှင့် စေတနာရှင်ပြည်သူများက ပစ္စည်းများနှင့် ငွေသား တန်ဖိုးမှာ ကျပ် ၁၇၇၀၉၀၀၀ဖြစ်ပြီး လှူဒါန်းမှုအစုစု၏ ငွေသားတန်ဖိုး စုစုပေါင်းမှာ ကျပ် ၁၉၇၁၃၆၅၀၀ ဖြစ်သည်။

## လှူဒါန်းခဲ့

ထို့အပြင် ပထမအကြိမ်ထောက်ပံ့ပစ္စည်းနှင့် အလှူငွေပေးအပ်ပွဲတွင်လည်း ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက မျှော၊ ဝါး၊ ဓနိနှင့် သက်ငယ်ဖိုး ငွေကျပ်၂၀၄သိန်းနှင့် သွပ်ဖိုး ငွေကျပ်၂၇၅သိန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ကယ်ဆယ်ရေးပစ္စည်းများနှင့် ငွေသားတန်ဖိုး ၁၆၇သိန်းနှင့် စေတနာရှင်ပြည်သူများ လှူဒါန်းငွေကျပ် ၃၇သိန်း စုစုပေါင်း ငွေကျပ် ၆၈၃သိန်း လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

## ကျိုက်ဝိုင်းစေတီစောင်းတန်းတော် ကုသိုလ်ပါဝင်လှူဒါန်းနိုင်

**ရန်ကုန် ဇွန် ၁၄**

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်း စေတီတော်မြတ်ကြီးတွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် လသာမြို့နယ် ၂၃လမ်း အမှတ်၉၆နေ ဦးဝင်းမိသားစုက ငွေကျပ်တစ်သိန်းကို လာရောက်လှူဒါန်းရာ စေတီတော်ဂေါပကအဖွဲ့ဝင်များဖြစ်ကြသော ဦးအေးကို၊ ဦးသိန်းထွန်း၊ ဦးအုန်းကြိုင်တို့က လက်ခံရယူသည်။ **(အပေါ်ယာပုံ)**

အဆိုပါ စောင်းတန်းတော်ကြီး တည်ဆောက်ရေးအတွက် လှူဒါန်းလိုသည့် အလှူရှင်များအနေဖြင့် စေတီတော် ဂေါပကအဖွဲ့ရုံး- ဖုန်း- ၆၆၀၀၀၆၊ ၇၁၀၇၃၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။**(က-ပ)**



## မြန်မာ့ရုပ်မြင်သံကြား

**၁၅-၆-၂၀၀၇ ရက် (သောကြာနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော် |
| ၇:၂၅ | ၂။ | ကျန်းမာဖို့ အတူကစားစို့ |
| ၇:၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇:၄၀ | ၄။ | သံသာချိုအေး မင်္ဂလာတေး |
| ၇:၅၅ | ၅။ | အကပြိုင်ပွဲ |
| ၈:၀၀ | ၆။ | ကြေးမုံရိပ်သွင်တေးနယ်ဉ် |
| ၈:၁၀ | ၇။ | အတီးပြိုင်ပွဲ |
| ၈:၂၀ | ၈။ | ဘော်ဘင်ရေလှောင်တမံ |
| ၈:၃၀ | ၉။ | International News |
| ၈:၄၅ | ၁၀။ | English for Everyday Use |
| ၉:၀၀ | ၁၁။ | အစီအစဉ်ပြီး၏။ |

**ညပိုင်း**

| | | |
|---|---|---|
| ၁၆:၀၀ | ၁။ | စစ်ချီတေး စစ်သည်တေး |
| ၁၆:၁၅ | ၂။ | မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ |
| ၁၆:၃၀ | ၃။ | အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ်(ဥပဒေပညာအထူးပြု) [ဥပဒေပညာ] |
| ၁၆:၄၅ | ၄။ | ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ |
| ၁၇:၀၅ | ၅။ | လက်ဆင့်ကမ်းပေးဂီတတေး |
| ၁၇:၁၅ | ၆။ | မြန်မာစာ မြန်မာစကား |
| ၁၇:၃၀ | ၇။ | နှောင်းခေတ်တေးပဒေသာ |
| ၁၇:၄၅ | ၈။ | **"နှစ်မြှာနတ်မိမယ်"** မင်းသူ၊ မိုးပြည့်ပြည့်မောင် (ဒါရိုက်တာ-အောင်ကျော်ကျော်) |
| ၁၈:၀၀ | ၉။ | ညနေခင်းသတင်း |
| ၁၈:၃၀ | ၁၀။ | မိုးလေဝသအခြေအနေ |
| ၁၈:၃၅ | ၁၁။ | သုတစုံလင်ရွှေဉာဏ်ရှင် |
| ၁၉:၀၅ | ၁၁။ | နိုင်ငံခြားဇာတ်လမ်းတွဲ **"ရွှေရောင်သန်းသော အသည်းနှလုံး"** (အပိုင်း-၁၁) |
| ၂၀:၀၀ | ၁၃။ | ပြည်တွင်းသတင်း |
| | ၁၄။ | နိုင်ငံတကာသတင်းများ |
| | ၁၅။ | မိုးလေဝသအခြေအနေ |
| | ၁၆။ | နိုင်ငံခြားဇာတ်လမ်းတွဲ **"ကံကြမ္မာနတ်သမီး"** (အပိုင်း-၁၂) |
| | ၁၇။ | နောက်တစ်နေ့အစီအစဉ် |
| | ၁၈။ | အစီအစဉ်ပြီး၏။ |

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၅-၆-၂၀၀၇ (သောကြာနေ့)**

| | |
|---|---|
| ၇:၀၀ | MRTV-4 အဖွင့် Logo ယနေ့အစီအစဉ် |
| ၇:၀၅ | ကုသိုလ်ကောင်းမှု ဘာကြောင့်ပြု တရားတော် (ဆရာတော်အရှင်သုမင်္ဂလ) |
| ၈:၀၀ | တေးဂီတအစီအစဉ် |
| ၈:၀၅ | အလှဆုံးအပြုံးများ (စေတနာရှင်ဆရာဝန်ကြီးများ၏ ရေးမြို့နယ် အစင်ကျေးရွာသို့ အခမဲ့ ဆေးကုသရေးခရီးစဉ်) (အပိုင်း-၃) |
| ၈:၃၀ | Myanmar Video Rhythm |
| ၉:၂၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၉:၃၀ | တေးဂီတအစီအစဉ် |
| ၉:၃၅ | ပန်းတို့၏ဒိုင်ယာရီ |
| ၉:၅၀ | ငွေကြယ်ပွင့်တို့ရဲ့ဖြစ်တည်မှု (ဖြူဖြူကျော်သိန်းနှင့်တွေ့ဆုံခြင်း) |
| ၁၀:၃၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀:၃၅ | တေးဂီတအစီအစဉ် |
| ၁၀:၄၅ | ကြည်စွအယူ ခန္ဓာ့အလှုမမ္မနှင့်လု |
| ၁၁:၀၀ | တေးဂီတအစီအစဉ် |
| ၁၁:၀၅ | မိုးလေဝသခန့်မှန်းချက် |
| ၁၁:၁၀ | ကြာဖက်ပေါ်ကရေ (ရာဇာနေဝင်း၊ စိုးမြတ်နန္ဒာ) (ဒါရိုက်တာ-မောင်မျိုးမင်း) |
| ၁၁:၂၅ | တေးဂီတအစီအစဉ် |
| ၁၁:၃၀ | ပိုးစာပင်စိုက်ပျိုးခြင်းနှင့် ပိုးမွေးမြူခြင်း |
| ၁၁:၃၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁:၄၅ | စားချင်စရာငါးချဉ်အရသာ |
| ၁၂:၀၀ | တေးဂီတအစီအစဉ် |
| ၁၂:၀၅ | မြန်မာပြည်ခရီးစဉ် "ငွေဆောင်ခရီးစဉ်" |
| ၁၂:၂၀ | တေးဂီတအစီအစဉ် |
| ၁၂:၂၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၂:၃၀ | ထက်မြက်ထူးခြား Aikido အားကစား |
| ၁၂:၅၅ | တေးဂီတအစီအစဉ် |
| ၁:၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါခြောက်နာရီစာအစီအစဉ်များကို နံနက်၇နာရီမှ မွန်းလွဲ ၁နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိတစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇နာရီအထိတစ်ကြိမ် လေးကြိမ် ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

## ဒို့ကျေးရွာဂျာနယ် အတွဲ(၄)၊ အမှတ် (၁၂) ထွက်ပြီ

**ရန်ကုန် ဇွန် ၁၄**



ကျေးလက် ပြည်သူတို့ကို စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေးနှင့် သုတ၊ ရသ၊ ဗဟုသုတအဖြာဖြာ ဖော်ပြပေးနေသော ဒို့ကျေးရွာဂျာနယ် အတွဲ(၄)၊ အမှတ်(၁၂)အား **(ယနေ့)** ထုတ်ဝေလိုက်ပြီဖြစ်သည်။ **(ယာပုံ)**

ယခုတစ်ပတ် ဒို့ကျေးရွာဂျာနယ်တွင် မိုးသီးနှံ ထုတ်ကုန်တိုးစေဖို့ ဒို့ကျေးရွာတွေ ဆောင်ရွက်စို့(၂)၊ ကိုယ့်မျိုးကိုယ်ထား တစ်နိုင်တစ်ပိုင် မျိုးသန့်ပွား၊ မှိုစိုက်ကြမလား၊ မိုးအစေ့ထုတ်ပြောင်း၊ သီးကြိုပဲတီစိမ်း၊ သီးထပ်ပန်းနှမ်း စိုက်ပျိုးပါ၊ ငရုတ်စိုက်ပျိုးဝင်ငွေတိုး၊ နိုင်ငံစီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ စသည့် စိုက်ပျိုးရေးဆောင်းပါးများ၊ မိုးဦးကျတွင် အဖြစ်များသည့် ကျွဲ၊ နွား ခွာနာလျှာနာရောဂါ ကြိုတင်ကာကွယ်ပါ၊ ဒို့ကျေးရွာ ဘဲမွေးမြူရေး၊ ရေသယံဇာတ မပြုန်းတီးရန် မျိုးစိုက်ထည့်ကာ ထိန်းသိမ်းပါ စသည့် မွေးမြူရေးဆောင်းပါးများ၊ ဆေးအသုံးဝင် ကင်းပုံပင်၊ အမျိုးသမီးများ သိမှတ်ဖွယ်ရာ၊ သွေးတိုးရောဂါ ရှိ၊ မရှိ သွေးပေါင်ချိန်၍ စမ်းသပ်ကြည့်သင့်၊ ကျန်းမာရေးနှင့်အညီ သွားတိုက်နည်းစသည့် ကျန်းမာရေးဆောင်းပါးများ၊ ကျေးရွာရေအား လျှပ်စစ်ထုတ်လုပ်မှု၊ ကုရာနတ္ထိ ဆေးမရှိ၊ မိုးအောက်မြေပြင်၊ ကမ္ဘာမြေကို ကာကွယ်ပါ စသည့် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာတို့အပြင် အလိမ္မာပုံဝတ္ထု၊ ဟာသ၊ ကာတွန်း၊ မြန်မာဗီဒီယိုဇာတ်လမ်းများ၊ ကျန်းမာရေးနှင့် စီးပွားရေးရာ သတင်းအတိုအထွာများဖြင့် သုတ၊ ရသ စုံလင်စွာ ဝေဝေဆာဆာ ဖော်ပြထားသည်။

ဒို့ကျေးရွာဂျာနယ်အား အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ရှိ စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ ဝါမိုးအောင်စာအုပ်ဆိုင်တို့တွင် တစ်စောင်လျှင် ကျပ်၁၅၀နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။

ဒို့ကျေးရွာဂျာနယ်အတွက် စာမူနှင့် ကြော်ငြာများကို အမှတ်၂၂/၂၄ ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့ ဖုန်း-၃၇၁၃၄၀၊ ၃၇၁၃၄၂တို့သို့ ဆက်သွယ်ပေးပို့နိုင်သည်။ **(သတင်းစဉ်)**

● ကျောဖုံးမှ

### စိုက်ပျိုးမည့်အစီအစဉ်

ထို့နောက် ယာယီရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များအား အမှတ်(၇၇)ခြေမြန်တပ်မဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးတင်ထွန်းဦးက အမှတ်(၇၇)ခြေမြန်တပ်မဌာနချုပ် ကွပ်ကဲမှုအောက်ရှိ တပ်ရင်းများ၌ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရန်ဧက ၁၁၀၀လျာထား သတ်မှတ်ထားရာ ၇၀၁ ဒသမ ၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်းနှင့် ၃၉၈ဒသမ၄ဧက စိုက်ပျိုးရန် ကျန်ရှိကြောင်းနှင့် ဆက်လက်စိုက်ပျိုးသွားမည့် အစီအစဉ်တို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြသည်များနှင့်စပ်လျဉ်း၍ တပ်မမှူး ဗိုလ်မှူးချုပ် ဝင်းမြင့်က ဖြည့်စွက်ရှင်းလင်း တင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

### ကြိုတင်ပြင်ဆင်ထား

ယင်းနောက် နယ်မြေခံတပ်ရင်းမှ တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးတင်မိုးကျော်က စိုက်ခင်းအမှတ်(၂)တွင် ခြံစည်းရိုးကြက်ဆူပင်ဧက၆၀ စိုက်ပျိုးရန် လျာထားသတ်မှတ်ထားရာ ဧက ၄၀စိုက်ပျိုးပြီးစီးကြောင်းနှင့် ကျန်ရှိသော ဧက၂၀တွင် စိုက်ပျိုးရန်အတွက် ကြိုတင်ပြင်ဆင်ထားမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြသည်များနှင့် စပ်လျဉ်း၍ တပ်မမှူး ဗိုလ်မှူးချုပ် ဝင်းမြင့်က လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ထို့နောက် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲသို့ တက်ရောက်လာကြသည့် အရာရှိစစ်သည် မိသားစုများအား ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ခြံစည်းရိုးကြက်ဆူပင်များအား ပေးအပ်သည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းနှင့် တပ်မမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်တို့က ခြံစည်းရိုးကြက်ဆူပင်များပေးအပ်သည်။

### စိုက်ပျိုးပေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ခြံစည်းရိုး ကြက်ဆူပင်ကို စိုက်ပျိုးပေးသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းနှင့် တပ်မမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်တို့က ခြံစည်းရိုးကြက်ဆူပင်များစိုက်ပျိုးပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် နယ်မြေခံတပ်ရင်းရှိ အရာရှိ စစ်သည်နှင့် မိသားစုများက ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မဇင်းရေလှောင်တမံအနီးရှိ မဉ္ဇူသကာရာမကျောင်းတိုက်သို့ ရောက်ရှိပြီး ပဓာန နာယက ဆရာတော် ဘဒ္ဒန္တကုန္ဒာစာရအား ဖူးမြော်ကြည်ညိုကာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက သာသနာရေး ဆိုင်ရာများကို လျှောက်ထားသည်။

### ဖြည့်စွက်ရှင်းလင်း

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ မွန်းလွဲ ၁နာရီတွင် ပဲခူးမြို့နယ်ရှိ နယ်မြေခံတပ်ရင်းသို့ ရောက်ရှိပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေအား ခေတ္တတပ်ရင်းမှူး ဗိုလ်မှူးရဲဝင်းကိုက ခြံစည်းရိုးကြက်ဆူပင် ဧက ၁၀၀ စိုက်ပျိုးရန်လျာထားရာ ၃၉ ဒသမ ၅ဧက ရှင်သန်ဖြစ်ထွန်းမှု၊ ဧက ၅၀ ဖြည့်တင်းစိုက်ပျိုးမှုနှင့် စိုက်ပျိုးရန် ၁၀ ဒသမ ၅ဧက ကျန်ရှိမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တပ်မမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြသည်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ခြံစည်းရိုးကြက်ဆူပင်များ ရှင်သန်ဖြစ်ထွန်းရန်အတွက် ရေမဝပ်ရန် ရေနုတ်မြောင်းများ တူးဖော်ပြီး ပေါင်တင်၍ စိုက်ပျိုးရန်နှင့် တပ်အဝင်လမ်းတစ်လျှောက်တွင် အရိပ်ရသည့် အကြီးမြန်သစ်ပင်များ စိုက်ပျိုးရေးတို့နှင့် စပ်လျဉ်း၍ မှာကြားသည်။

### ပျိုးပင်များပေးအပ်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲသို့ တက်ရောက်လာကြသော အရာရှိ၊ စစ်သည်နှင့် မိသားစုများအား ခြံစည်းရိုးကြက်ဆူပျိုးပင်များပေးအပ်သည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း၊ တပ်မမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်တို့က ခြံစည်းရိုးကြက်ဆူပျိုးပင်များ ပေးအပ်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ခြံစည်းရိုးကြက်ဆူပင်ကို စိုက်ပျိုးပေးသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းနှင့် တပ်မမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်တို့က ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးကြသည်။

### အောင်မြင်ဖြစ်ထွန်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် အရာရှိ၊ စစ်သည် မိသားစုများက ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးကြပြီး နယ်မြေခံတပ်ရင်းစိုက်ခင်းအတွင်း၌ အောင်မြင်ဖြစ်ထွန်း သီးပွင့်နေသည့်ခြံစည်းရိုးကြက်ဆူပင်များအား ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်အဖွဲ့ဝင်များသည် အမှတ်(၇၇)ခြေမြန်တပ်မ ဌာနချုပ် လက်အောက်ခံ နယ်မြေခံတပ်ရင်းသို့ ရောက်ရှိရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေအား ယာယီရှင်းလင်းဆောင်၌ ဒုတိယတပ်ရင်းမှူး ဗိုလ်မှူးကြည်ဝင်းက တပ်ရင်း၌ ခြံစည်းရိုး ကြက်ဆူပင်ဧက ၁၀၀စိုက်ပျိုးရန် လျာထားသတ်မှတ်ထားရာ ဧက၉၀စိုက်ပျိုးပြီးစီးမှု၊ ၁၀ဧက စိုက်ပျိုးရန် ကျန်ရှိမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တပ်မမှူး ဗိုလ်မှူးချုပ် ဝင်းမြင့်က ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

### ပေါင်တင်စိုက်ပျိုး

ရှင်းလင်း တင်ပြသည်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ခြံစည်းရိုးကြက်ဆူပင်များ ရှင်သန်ဖြစ်ထွန်းရန် ပေါင်တင်စိုက်ပျိုးရန် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲ သို့ တက်ရောက်လာကြသော တပ်ရင်းရှိအရာရှိ စစ်သည် မိသားစုများအား ခြံစည်းရိုးကြက်ဆူပျိုးပင်များ ပေးအပ်သည်။

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်လှဌေးဝင်းနှင့် တပ်မမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်တို့က ခြံစည်းရိုးကြက်ဆူပျိုးပင်များ ပေးအပ်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပေးသည်။

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်လှဌေးဝင်းက ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပေးသည်။

### ကြည့်ရှုအားပေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် တပ်ရင်းရှိ အရာရှိစစ်သည် မိသားစုများ ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် နယ်မြေခံတပ်ရင်းရှိ စိုက်ခင်းနှင့်အောင်မြင်ဖြစ်ထွန်း သီးပွင့်နေသည့် ခြံစည်းရိုးကြက်ဆူပင်များအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ညနေပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

# ရွှေဘုန်းပွင့်စေတီတော် မျက်ပါးရွှေရာဆိုင်း ရွှေလှောင်အမှိုက်များ တင်ဒါစနစ်ဖြင့်ရောင်းချမည်

**ရန်ကုန် ဇွန် ၁၄**

ရွှေဘုန်းပွင့်စေတီတော် စတုတ္ထအကြိမ် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေးလုပ်ငန်းတွင် စေတီတော်ကြီးအား ၂လက်မ x၁၂ လက်မမျက်ပါးရွှေရာဆိုင်းများ ကပ်လှူပူဇော်ခဲ့ရာ ၂လက်မ x၁၂ လက်မ မျက်ပါးရွှေရာဆိုင်း ရွှေလှောင်အမှိုက် အဆိုင်း ၄၀၀၀ ကျော် ထွက်ရှိလာခဲ့သည်။ ယင်းရွှေလှောင် အမှိုက်များနှင့် စေတီတော်ကြီး၏ သဲကန်ကို ချိပ်ပိတ်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ရာ တင်ဒါပုံစံများကို ရွှေဘုန်းပွင့်စေတီတော်ဂေါပကရုံး (ရန်ကုန်အရှေ့ပိုင်းခရိုင်၊ ပုဇွန်တောင်မြို့နယ်) ဖုန်း-၂၉၀၄၂၅တွင် ဇွန် ၁၅ရက်မှစ၍ ဝယ်ယူနိုင်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**



**မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် မြောက်ဥက္ကလာပမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ အသိပညာပေး စကားဝိုင်းဖွဲ့ ဆွေးနွေးကြစဉ်။**

(မြို့တော်စည်ပင်)

# မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆို မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပညာရေးအထောက်အကူပြုပစ္စည်းများလှူဒါန်း

**ရန်ကုန် ဇွန် ၁၄**

ဇူလိုင် ၃ ရက် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပညာရေးဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုလုပ်ငန်းများအတွက် မြောက်ဥက္ကလာပမြို့နယ်ရှိ မူလတန်းကျောင်း ၁၀ကျောင်းသို့ စာသင်ခုံများ၊ စာရေးကိရိယာ၊ အဝတ်အထည်နှင့် ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက မြောက်ဥက္ကလာပမြို့နယ် ဘုမ္မာလမ်းမကြီးရှိ အမှတ်(၁၆)အခြေခံပညာ မူလတန်းကျောင်း အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး တက်ရောက်၍ စာသင်ခုံများ ပေးအပ်လှူဒါန်းသည်။

### ရှင်းလင်းတင်ပြ

ရေးဦးစွာ စီမံရေးရာဌာန ဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်က စာသင်ကျောင်းများသို့ စာသင်ခုံနှင့် အထောက်အကူပြုပစ္စည်းများ လှူဒါန်းရခြင်းနှင့် ပညာရေးဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက မြောက်ဥက္ကလာပမြို့နယ်ရှိ အမက(၁)၊ (၁၃)၊ (၁၆)၊ (၂၂)၊ (၂၄)၊ (၂၇)၊ (၃၆)၊ (၃၈)၊ (၃၉)နှင့် (၄၄) မူလတန်းကျောင်း ၁၀ကျောင်းသို့ စာသင်ခုံများ ပေးအပ်လှူဒါန်းရာ သက်ဆိုင်ရာ ကျောင်းအုပ်ကြီးနှင့် ကျောင်းသား ကျောင်းသူများက လက်ခံကြသည်။

### လက်ခံ

ထို့နောက် ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေ၊ စီမံရေးရာဌာန ဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်နှင့် တာဝန်ရှိသူများက ဗလာစာအုပ်များ ပေးအပ်လှူဒါန်းကြရာ သက်ဆိုင်ရာ ကျောင်းအုပ်ကြီးနှင့် ကျောင်းသား ကျောင်းသူများက လက်ခံကြသည်။

ယင်းနောက် အမှတ်(၃)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အတွင်းရေးမှူး ဒေါက်တာ ဒေါ်သက်သက်ဇင်၊ ဒေါ်ကြူကြူနှင့် ပဲခူးတိုင်းဒေသစည်းရုံးရေးမှူး ဒေါ်ဝေဝေသင်းတို့က လက်ခံကြပြီး မြို့နယ်ပညာရေးမှူး ဦးစိန်ဝင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

### ဆွေးနွေး

ထိုမှတစ်ဆင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး၊ စီမံရေးရာဌာန ဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေနှင့် အဖွဲ့ဝင်များသည် မြောက်ဥက္ကလာပမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း မြတ်ခရေခန်းမ၌ကျင်းပသည့် အသိပညာပေးစကားဝိုင်း ဆွေးနွေးပွဲသို့ တက်ရောက်၍ ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံကာ အစုအဖွဲ့အလိုက် အသိပညာပေးစကားဝိုင်းများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာန ဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ် မြောက်ဥက္ကလာပမြို့နယ်အတွင်းရှိ အခြေခံပညာ မူလတန်းကျောင်းအတွက် ကျောင်းသုံးဗလာစာအုပ်များကို ပေးအပ်လှူဒါန်းစဉ်။**

(မြို့တော်စည်ပင်)

## မိုးရေချိန်စံချိန်သစ်များ

**နေပြည်တော် ဇွန် ၁၄**

ယနေ့ မြန်မာစံတော်ချိန် ၉ နာရီခွဲတွင် အောက်ဖော်ပြပါစခန်းများ၌ ဇွန်လ၏ ၂၄ နာရီအတွင်း အများဆုံးရွာသွန်းခဲ့သော မိုးရေချိန် စံချိန်သစ်များကို တိုင်းထွာရရှိခဲ့သည်။

| စဉ် | စခန်းအမည် | မိုးရေချိန်စံချိန်သစ် | | စံချိန်ဟောင်း | | ယခင်စံချိန်ကျိုးခဲ့သည့်နှစ် | စံချိန်ကျိုးသည့်နှစ်ပေါင်း |
|---|---|---|---|---|---|---|---|
| | | မီလီမီတာ | လက်မ | မီလီမီတာ | လက်မ | | |
| ၁။ | မန္တလေး | ၂၅၉ | ၁၀.၂၀ | ၁၃၈ | ၅.၄၃ | ၅-၆-၁၉၆၅ | ၆၁ |
| ၂။ | စစ်ကိုင်း | ၁၃၇ | ၅.၃၉ | ၁၀၇ | ၄.၂၁ | ၉-၆-၁၉၉၀ | ၄၂ |

■ ကျောဖုံးမှ

ပါတီဝင်များဖြစ်ကြသော သီးကွင်းကျေးရွာအုပ်စုနေ ဦးဇော်မြင့်၊ ဦးခင်မောင်တင့်၊ ဦးတင်လှ၊ ဦးမောင်ပိန်၊ ဦးဝင်းမြင့်၊ ဦးဘိုဘို၊ ဦးမြင့်ဦးတို့သည် ဇွန် ၉ ရက်တွင်လည်းကောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ကြောင်း ၎င်းတို့၏ဆန္ဒအလျောက် နုတ်ထွက်စာများရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းအသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

ကျိုက်မရောမြို့နယ်၊ လှည်းကူးမြို့နယ်နှင့် အိမ်မဲမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေး ကော်မရှင်အဖွဲ့ခွဲတို့သို့ ပေးပို့သောနုတ်ထွက်လွှာများတွင် NLDပါတီသည် နိုင်ငံရေးကို ဆောင်ရွက်နေခြင်းမဟုတ်ဘဲ နိုင်ငံနှင့်လူမျိုးဒုက္ခရောက်စေမည့် ထိပ်တိုက်ရင်ဆိုင်တွေ့ဆုံရေးလုပ်ရပ်များကိုသာ ရှေးရှုဆောင်ရွက်နေကြောင်း၊ NLDပါတီနှင့် ပါတီခေါင်းဆောင်များအပေါ် ယုံကြည်အားထားမှု မရှိတော့သဖြင့် ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD )ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**

15-6 (04) 1 6/14/07, 3:04 PM

# ရေတာရှည် ရွှေပြည်ကုန်းဘက်စုံသီးနှံစိုက်ကွင်း ကြံစိုက်ခင်းစုပေါင်း ပေါင်းမြက်ရှင်းလင်း

## သာဂရကျေးရွာအုပ်စု ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲကျင်းပ

ရန်ကုန် ဇွန် ၁၄

**ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုသည် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဇွန် ၂ ရက်က ရေတာရှည်မြို့နယ်ရှိ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ရွှေပြည်ကုန်း ဘက်စုံသီးနှံစိုက်ကွင်းတွင် ကြံစိုက်ခင်း စုပေါင်း ပေါင်းမြက်ရှင်းလင်းပွဲသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရှင်းလင်းဆောင်၌ စိုက်ကွင်းတာဝန်ခံ ဒုတိယဗိုလ်မှူးကြီးပြုံးချိုက ရွှေပြည်ကုန်းဘက်စုံ စိုက်ကွင်း၏တည်နေရာ၊ အကျယ် အဝန်း၊ မြေအမျိုးအစား၊ ရာသီဥတုနှင့် မိုးရေချိန်၊ ဘက်စုံသီးနှံစိုက်ကွင်းများ မြေယာဖော်ထုတ်စိုက်ပျိုးမှု အခြေအနေ၊ ဘက်စုံသီးနှံစိုက်ကွင်းအတွင်း မြေဧရိယာ ၆၁ ဒသမ ၆၂ ဧကတွင်၂၀၀၇–၂၀၀၈ခုနှစ်အတွင်း ကြံမျိုးကောင်းမျိုးသန့်များ ပုံမှန်စိုက် ၁၂ ဧကနှင့် ရေတင်စိုက် ၁၀ ဧက စုစုပေါင်း ၂၂ ဧက စိုက်ပျိုးထားရှိမှုနှင့် ဆက်လက်တိုးချဲ့စိုက်ပျိုးသွားမည့် အစီအစဉ်များကိုလည်းကောင်း၊ ကြံသီးနှံလုပ်ငန်းဌာန တိုင်းတာဝန်ခံ ဦးဘန်ရှိန်က တိုင်းအတွင်း ကြံသီးနှံများစိုက်ပျိုးထားရှိနိုင်မှု အခြေအနေများ၊ စစ်တောင်းမြစ်အရှေ့ဘက်ကမ်းတွင် ကြံစိုက်ပျိုးရေးစီမံကိန်း ချမှတ်အကောင်အထည်ဖော်နိုင်မှု အခြေအနေများနှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြသည်။**



ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ တိုင်းမှူးက မှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

### ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ရွှေပြည်ကုန်း ကြံသီးနှံစိုက်ကွင်းအတွင်း နယ်မြေခံတပ်နယ်မှ တပ်မတော်သားမိသားစုဝင်များ၊ အမှတ်(၆)သကြားစက်ရုံမှဝန်ထမ်းများစုပေါင်း၍ ကြံသီးနှံပင်များကို လယ်ယာသုံး စက်ကိရိယာများ၊ ပေါင်းမြက်ရှင်း ဆေးဝါးများဖြင့် ပေါင်းမြက်ရှင်းလင်းနေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တိုင်းမှူးက မှာကြား၍ လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

### တက်ရောက်

ထိုမှတစ်ဆင့် တိုင်းမှူးသည် ရေတာရှည်မြို့နယ် သာဂရ ကျေးရွာအုပ်စု အတွင်းရှိ ရေတာရှည် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ခြံစည်းရိုး ကြက်ဆူပင် ဧက ၁၀၀ စိုက်ကွင်းအတွင်း ကျင်းပသော ခြံစည်းရိုး ကြက်ဆူပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးသည်။

အဆိုပါ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲသို့ ပဲခူးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး၏ဇနီး ဒေါ်စဝ်နွန်းခွန်ဆမ်နှင့် အဖွဲ့ဝင်များ၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီအတွင်းရေးမှူး ဦးဖေသိန်းနှင့် တိုင်း၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

### ရှင်းလင်းတင်ပြ

ရှေးဦးစွာ ယာယီရှင်းလင်းဆောင်တွင် တိုင်းမှူးအား ရေတာရှည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်မြင့်က ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရခြင်း နှင့် လျာထားဧကများ ပြည့်မီကျော်လွန် အောင် စိုက်ပျိုးမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

### ပျိုးပင်များပေးအပ်

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များအားလည်းကောင်း၊ ပဲခူးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စဝ်နွန်းခွန်ဆမ်က မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များနှင့် အမျိုးသမီးရေးရာ အဖွဲ့ဝင်များအား လည်းကောင်း ခြံစည်းရိုးကြက်ဆူပင်မျိုးစေ့၊ မျိုးကိုင်းနှင့် ပျိုးပင်များကို ပေးအပ်ကြသည်။

### ပျိုးထောင်ပေး

ဆက်လက်၍ တိုင်းမှူး၊ ဇနီးနှင့် အဖွဲ့ဝင်များသည် ခြံစည်းရိုးကြက်ဆူပင် မျိုးစေ့နှင့် မျိုးကိုင်းများကို ပျိုးထောင်အိတ်အတွင်း ပျိုးထောင်ပေးကြပြီး ခြံစည်းရိုးကြက်ဆူပျိုးပင်များကို စိုက်ပျိုးပေးကြသည်။

### တပျော်တပါးစုပေါင်းစိုက်ပျိုး

ယင်းနောက် တိုင်းမှူး၊ ဇနီးနှင့် အဖွဲ့ဝင်များသည် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ စုပေါင်း၍ ခြံစည်းရိုးကြက်ဆူပျိုးပင် ၆၀၀၀ ကျော်ကို တပျော်တပါး စုပေါင်းစိုက်ပျိုးနေမှုတို့ကို လှည့်လည်ကြည့်ရှု အားပေးကြသည်။ **(အပေါ်ပုံ)**

### ကြည့်ရှုအားပေး

ဆက်လက်၍ တိုင်းမှူး၊ ဇနီးနှင့် အဖွဲ့ဝင်များသည် ခြံစည်းရိုးကြက်ဆူပင် စံပြဧက ၁၀၀ စိုက်ကွင်း အတွင်း အောင်မြင်စွာ ဖြစ်ထွန်းလျက်ရှိသည့် ခြံစည်းရိုးကြက်ဆူပင်များကို ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက ပေါင်းမြက်ရှင်းခြင်းနှင့် မြေတောင်မြှောက်ပေးမှုလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုအားပေးကြသည်။

ရေတာရှည်မြို့နယ်တွင် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးမှုကို ၂၀၀၆ ခုနှစ်တွင် လျာထား ဧက ၆၅၀၀ ပြည့်မီအောင် စိုက်ပျိုးနိုင်ခဲ့ပြီး ၂၀၀၇ ခုနှစ်တွင်လည်း လျာထား ဧက ၁၉၈၀၀ ပြည့်မီကျော်လွန်အောင် စိုက်ပျိုး သွားမည်ဖြစ်သည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် ဌာနဆိုင်ရာ တာဝန်ရှိသူ များလိုက်ပါလျက် ရန်ကုန်–မန္တလေးလမ်းတွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့ (၁၄)က တာဝန်ယူ ဆောင်ရွက်လျက်ရှိသည့် ဆွာချောင်းတံတား တည်ဆောက်ခြင်း လုပ်ငန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ရှင်းလင်းဆောင်တွင် စီမံကိန်းတာဝန်ခံ အင်ဂျင်နီယာ ဦးကျော်လင်းက စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ လုပ်ငန်းဆောင်ရွက်မှုအခြေအနေ၊ လုပ်ငန်းစီမံချက်၊ အဓိကပစ္စည်း လိုအပ်ချက်ရရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးသည် ရှင်းလင်းဆောင်ရှုရပ်မှ စီမံကိန်းလုပ်ငန်းခွင်အတွင်း စက်ယန္တရားများဖြင့် ရေလယ်တိုင် ဘိုးပိုင်နှင့် ကမ်းကပ်ခုံ ဘိုးပိုင် ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

### အသစ်ပြန်လည်တည်ဆောက်

အဆိုပါ ဆွာချောင်းတံတားမှာ ရန်ကုန်–မန္တလေးလမ်းပေါ်ရှိ အဓိက တံတားတစ်စင်းဖြစ်ပြီး တစ်လမ်းမောင်း တံတားဖြစ်ခြင်း၊ သက်တမ်းကြာရှည်ခြင်းနှင့် ခံနိုင်ဝန်အား နည်းပါးခြင်း တို့ကြောင့် ယခုအခါ တံတားကို အရှည် ပေ၂၇၀၊ ယာဉ်သွားလမ်း အကျယ် ၄၈ပေ၊ လူသွားလမ်းအကျယ် တစ်ဖက်လျှင် သုံးပေစီနှင့် တံတားခံနိုင်ဝန် ယာဉ်တစ်စီးချင်း တန် ၆၀ ရှိ လေးလမ်းသွား သံကူကွန်ကရစ် တံတားအဖြစ် အသစ်ပြန်လည် တည်ဆောက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




**ရန်ကုန်တိုင်း ဒဂုံမြို့သစ်(မြောက်ပိုင်း) သဇင်မြိုင်လမ်းနေ ဒေါ်မြတင် (၈)နှစ်မြောက် အထိမ်းအမှတ်ရည်စူး၍ ဦးဘခင် (နဂါးကမ္ဘာလုံးစားသောက်ဆိုင်)မိသားစုက ဆွမ်းပဒေသာပင်၊ ဆေးပဒေသာပင်နှင့် သုံးထပ်ဘိုးဘွားဆောင် အဆောက်အအုံသစ်အတွက် အလှူငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာစောင့်ရှောက်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။** (က–ပ)

## မိုးမိတ်စည်ပင်ဈေး သား၊ ငါးတန်းများ ယင်လုံဆန်ခါဖြင့်ရောင်းချမှု စစ်ဆေး

**ရှမ်းပြည်နယ်(မြောက်ပိုင်း)ကျောက်မဲခရိုင် မိုးမိတ်မြို့ စည်ပင်သာယာဈေးအတွင်း သား၊ ငါးတန်းများ ယင်လုံဆန်ခါဖြင့် ရောင်းချမှုအခြေအနေကို မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် စည်ပင်ဝန်ထမ်းများ၊ ဈေး ဝန်ထမ်းများ မေ ၁၄ ရက်က လိုက်လံကြည့်ရှုစစ်ဆေးကြောင်း သိရသည်။**

(မြို့နယ် ပြန်/ဆက်)

## စီမံကိန်းရည်မှန်းချက်များ အင်းတော်၌တာဝန်ပေးအပ်

စစ်ကိုင်းတိုင်း အင်းတော်မြို့နယ်၏ ၂၀၀၇–၂၀၀၈ခုနှစ် နှစ်စဉ်စီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲကို မေ ၂၅ရက်က အင်းတော်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ဥက္ကဋ္ဌက ရပ်ကွက်နှင့်ကျေးရွာအုပ်စုဥက္ကဋ္ဌများအား စခန်းနယ်မြေအလိုက် တာဝန်ပေးအပ်လွှာများကို ပေးအပ်သည်။ ၂၀၀၇–၂၀၀၈ခုနှစ် စီမံကိန်းလျာထားချက်အတိုင်း နယ်မြေအလိုက် ပြည့်မီကျော်လွန်သည်အထိ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(၁၃၃)**

## အစုလိုက်ဝက်သက်ကာကွယ်ဆေး ထိုးနှံပေး

ခင်ဦးမြို့နယ် အစုလိုက်ဝက်သက်ရောဂါ ကာကွယ်ဆေး ထိုးနှံခြင်းအခမ်းအနားကို မေ ၁၄ ရက် နံနက် ၇နာရီက မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းရုံး၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးကျော်လွင်တက်ရောက် အဖွင့် အမှာစကား ပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဒေါ်စမ်းစမ်းမြင့်က ဝက်သက်ရောဂါ ကာကွယ်တိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လူမှုရေးအသင်းဝင်များနှင့် ကျန်းမာရေးဌာနဝန်ထမ်းများက အသက် ကိုးလမှ ငါးနှစ်အောက် ကလေး ၂၂၆၁၁ ဦးအား ဝက်သက်ရောဂါကာကွယ်ဆေး ထိုးနှံပေးကြောင်း သိရသည်။ **(က–ပ)**

## မြန်မာ့အလင်း ပြည်တွင်း သတင်း အတိုအထွာ

## ရေပေးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**မိုးညှင်းခရိုင် မိုးညှင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ၂၀၀၇–၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ရမည့် မော်ဟန်ကျေးရွာ စိမ့်စမ်းရေသွယ် ရေပေးဝေရေး၊ အိမ်သွယ်ရေတိုင်များ၊ အများသုံးရေတိုင်များဆောင်ရွက်နေမှုအား မေ ၂၀ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးညွှန့်က ကွင်းဆင်းစစ်ဆေးခဲ့ရာ တာဝန်ခံအင်ဂျင်နီယာ ဦးဇော်မျိုးထွေးက ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။** (မြို့နယ်စည်ပင်)

## မြန်မာ့အာမခံလုပ်ငန်း ကိုယ်စားလှယ်ရုံးခွဲဖွင့်

မြန်မာ့အာမခံလုပ်ငန်း ကိုယ်စားလှယ်ရုံးခွဲ ဖွင့်ပွဲ အခမ်းအနားကို မေ ၂၃ ရက် နံနက် ၉ နာရီက တောင်ကုတ်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးအစည်းအဝေးခန်းမတွင်ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌဦးစိုးသန်းက အဖွင့်အမှာစကား ပြောကြားပြီး မြန်မာ့အာမခံလုပ်ငန်း သံတွဲခရိုင် တာဝန်ခံ ဦးသန်းလှက မြန်မာ့အာမခံ လုပ်ငန်းအကြောင်းကို ရှင်းလင်းပြောကြားသည်။ အခမ်းအနားသို့ မြို့နယ် အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များတက်ရောက်ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## စက်ရေတွင်းတူးဖော်ရန် ငွေလှူဒါန်းနိုင်

**ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက် စူဠာမုနိ ပရိယတ္တိစာသင်တိုက်ရှိ သံဃာတော်များနှင့် စာသင်သားများအတွက် သောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် အဝီစိစက်ရေတွင်းတူးရန် စီစဉ်လျက်ရှိသည်။**

**မတည်အလှူရှင်များအဖြစ် ရွှေသူဌေးကုန်းရပ်ကွက်နေ ကျောင်းအမ ဒေါ်နန်းမြကြည်မိသားစုက ရေတွင်းမြေနေရာ ၁၀ ပေ x၆၀ ပေပတ်လည်အား လည်းကောင်း၊ ဦးကျော်နိုင်–ဒေါ်ကျင်ထွေးမိသားစု (မေသျှမ်း၊ ဖက်ရှင်၊ ဗွီးရှင်းစတိုး)က ငွေကျပ်တစ်သိန်း၊ စေတနာရှင်များစုပေါင်းလှူဒါန်းငွေကျပ်နှစ်သိန်းတို့ဖြင့် စတင်ဆောင်ရွက်လျက်ရှိရာ အနယ်နယ်အရပ်ရပ်မှ သဒ္ဓါကြည်လင်ပါရမီရှင်များအနေဖြင့် အလှူဒါနများပါဝင်လိုပါက ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တ ဂုဏဝံသာလင်္ကာရ(လူမှုထူးချွန်ဒုတိယဆင့်)ဖုန်း–၀၉–၅၂–၁၂၁၇၅၊ ဗိုလ်ကြီးနိုင်ထွန်း (ငြိမ်း၊ စာတည်း၊ ကိုယ်ပွားသတင်းစာတိုက်၊ တောင်ကြီး) ဖုန်း–၀၉–၅၂–၁၄၃၅၇၊ ၀၈၁–၂၁၁၆၄နှင့် ဦးသန်းဝင်း(မန်နေဂျာ၊ ငြိမ်း) လူမှုဖူလုံရေးအဖွဲ့ ဖုန်း–၀၉–၅၂–၁၁၁၂၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။** (က–ပ)

## ကွတ်ခိုင်မြို့မဈေး သန့်ရှင်းသာယာရေးလုပ်ဆောင်

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့မဈေးအတွင်း သန့်ရှင်းရေးနှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် ဈေးအတွင်း အပြင် ရေနုတ်မြောင်းများရှင်းလင်းခြင်း၊ ဈေးသာယာလှပရေးအတွက် ဈေးဆိုင်ခန်းများ၊ ဈေးဝင်းတံခါးများ ဆေးသုတ် ပြုပြင်ခြင်း လုပ်ငန်းများကို မေ ၂၃ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးညွန့်ဝေ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ဒုတိယဦးစီးမှူး(ဈေး) ဦးစိန်လှိုင်နှင့် ဝန်ထမ်းများ စုပေါင်း လုပ်ဆောင်ကြကြောင်းသိရသည်။

**(မြို့နယ် ပြန်/ဆက်)**



ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း ကွမ်းခြံကုန်းမြို့နယ်ရှိ ကွမ်းခြံကုန်း ရေထိန်းတံခါးကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

# တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း ကွမ်းခြံကုန်းရေထိန်းတံခါး ကြည့်ရှုစစ်ဆေး မိုးရာသီ သစ်ပင်နှင့် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲတက်ရောက်

ရန်ကုန် ဇွန် ၁၄

**ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းသည် ဇွန် ၁၂ ရက် နံနက်ပိုင်းက တိုင်းအဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ရန်ကုန်တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နယ် မြို့အဝင်လမ်းဘေးရှိ မိုးရာသီသစ်ပင်နှင့် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲသို့ တက်ရောက်ကြပြီး တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းက အမှာစကားပြောကြားကာ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များသို့ ပျိုးပင်များပေးအပ်သည်။**

## ကြည့်ရှုအားပေး

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် မိုးရာသီရတနာတန်းဝင်အပင်၊ အရိပ်ရလေကာပင်နှင့် ခြံစည်းရိုးကြက်ဆူပင်များကို အမှတ်တရ စိုက်ပျိုးပေးကြပြီး လမ်းဘေးဝဲယာတစ်လျှောက် သစ်ပင်နှင့် ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှု အားပေးကြသည်။

## မှာကြား

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့သည် ကွမ်းခြံကုန်းမြို့နယ်ရှိ ကွမ်းခြံကုန်း ရေထိန်းတံခါး ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ဆည်မြောင်းဦးစီးဌာန တိုင်းဦးစီးမှူး ဦးကျော်သိန်းက ရေထိန်းတံခါးဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြ၍ တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းက ရေထိန်းတံခါးရေရှည် တည်တံ့ခိုင်မြဲစေရေး၊ စိုက်ပျိုးရေတိုးမြှင့်ပေးနိုင်ရေးနှင့် ရေထိန်းတံခါးဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်များ စိုက်ပျိုးကြရေးတို့ကို မှာကြားပြီး ရေထိန်းတံခါးကို သွားရောက်ကြည့်ရှုသည်။

## ပျက်စီးမှုမရှိအောင်ထိန်းသိမ်း

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် ကော့မှူးမြို့သို့ ရောက်ရှိကြပြီး ဝါးဖြင့်ပြုလုပ်ထားသော တန်ဖိုးနည်း ယင်လုံအိမ်သာ စံနမူနာ ဆောက်လုပ်ပြသထားရှိမှု၊ ဝါးဖြင့်ပြုလုပ်ထားသော သစ်ပင်အကာအရံများ ပြသထားမှု၊ တောင်း၊ ဆန်ကော၊ ဆန်ခါ၊ အုပ်ဆောင်း စသည့်အိမ်သုံး လယ်ယာသုံးပစ္စည်းများကို ကြည့်ရှုကာ တိုင်းမှူးက ရန်ကုန်တိုင်းအတွင်း မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများ ယင်လုံအိမ်သာ ရာနှုန်းပြည့်အသုံးပြုရေး ဆောင်ရွက်လျက်ရှိသဖြင့် ယခုကဲ့သို့ တန်ဖိုးနည်း ယင်လုံအိမ်သာများ အသုံးပြုခြင်းဖြင့် ကုန်ကျစရိတ် သက်သာမည် ဖြစ်ကြောင်း၊ စိုက်ပျိုးထားသော သစ်ပင်များ ပျက်စီးမှုမရှိအောင် ထိန်းသိမ်းသွားကြရန် လိုအပ်ကြောင်းတို့ကို မှာကြားသည်။

## တက်ရောက်

ထိုမှတစ်ဆင့် တိုင်းမှူးသည် တွံတေးမြို့ရှောင်လမ်းဘေး ဝဲယာ၌ မိုးရာသီ သစ်ပင်နှင့် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲကို တက်ရောက်၍ အမှာစကား ပြောကြားသည်။

ယင်းနောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များသို့ ပျိုးပင်များပေးအပ်ကြပြီး အမှတ်တရသစ်ပင်များ စိုက်ပျိုးပေးကြကာ မိုးရာသီသစ်ပင်နှင့် ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုအားပေးကြသည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် တွံတေးမြို့အတွင်း ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တာယာများလျှာထားချက် ပြည့်မီအောင်ထုတ်လုပ် အရည်အသွေးကောင်းမွန်ရေး ဆောင်ရွက် ကုန်ကြမ်းပစ္စည်းများ ကြိုတင်စုဆောင်း

**နေပြည်တော် ဇွန် ၁၄**

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် တာဝန်ရှိသူများ လိုက်ပါလျက် ဇွန် ၉ရက် နံနက်ပိုင်းက မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ မြန်မာ့တာယာနှင့် ရော်ဘာပစ္စည်းထုတ်လုပ်မှုလုပ်ငန်း မရမ်းကုန်းရော်ဘာခြံသို့ ရောက်ရှိစစ်ဆေးရာ ဝန်ကြီးက ရော်ဘာထုတ်လုပ်မှုမှ နိုင်ငံခြားငွေတိုးတက်ရရှိစေရန် ကြိုးပမ်းဆောင်ရွက်ရေး၊ ရော်ဘာမျိုးကောင်းမျိုးသန့်များ တိုးချဲ့စိုက်ပျိုးရေး၊ ရော်ဘာပြားများထုတ်လုပ်ရာတွင် အမျိုးအစားကောင်းမွန်စေရန်အတွက် သန့်ရှင်းမှုရှိရေး၊ အမျိုးအစားအလိုက် စနစ်တကျထုပ်ပိုး ခွဲခြားသိုလှောင်ထားရှိရေး၊ အလေအလွင့် နည်းပါးစေရေးတို့ကို ဆွေးနွေးမှာကြားသည်။

## ဆွေးနွေးမှာကြား

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ဘီးလင်းမြို့နယ်ရှိ ရေဒီယယ်တာယာထုတ်လုပ်မှု စက်ရုံ(စီမံကိန်း)အတွက် လျာထားမြေနေရာကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက စက်ရုံလျာထားဧရိယာကို လိုအပ်သော တိုင်းတာစစ်ဆေးမှုများ ဆောင်ရွက်ထားရှိရန်၊ မြေပိုင်ဆိုင်ခွင့်ရရှိရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ထားရှိရန်၊ စက်ရုံအဝင်လမ်းဖောက်လုပ်နိုင်ရေးအတွက် လိုအပ်သည်များ ပြင်ဆင်ထားရှိရန်၊ ဘီးလင်းမြစ်မှ ရေသွယ်တန်းနိုင်ရေးအတွက် လမ်းအူကြောင်း ရှာဖွေထားရှိရန်တို့ကို ဆွေးနွေးမှာကြားသည်။

## ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဝန်ကြီးဗိုလ်ချုပ်စောလွင်နှင့်အဖွဲ့သည် ဇွန် ၁၀ရက် နံနက်ပိုင်းက မွန်ပြည်နယ် သထုံမြို့နယ်ရှိ အမှတ်(၁)တာယာနှင့် ရော်ဘာ ပစ္စည်းထုတ်လုပ်မှုစက်ရုံကို ကြည့်ရှုစစ်ဆေးရာ ဝန်ကြီးက တာယာထုတ်လုပ်မှုများကို လျာထားချက်ပြည့်မီအောင် ထုတ်လုပ်ရေး၊ ထုတ်ကုန်အရည်အသွေး ကောင်းမွန်စေရေးနှင့် သတ်မှတ်စံချိန်စံညွှန်းကိုက်ညီရေး၊ ထုတ်လုပ်မှုကုန်ကျစရိတ် လျှော့ကျရေး၊ စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်နိုင်ရေးအတွက် စီမံဆောင်ရွက်ရေးနှင့် လိုအပ်သော ကုန်ကြမ်းပစ္စည်းများ ကြိုတင်စုဆောင်းထားရှိရေးတို့ကို ဆွေးနွေးမှာကြားသည်။

## တွေ့ဆုံညှိနှိုင်း

ထိုမှတစ်ဆင့် ဝန်ကြီးသည် ဇွန် ၁၁ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ်ရှိ မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်မှု လုပ်ငန်း အစည်းအဝေးခန်းမ၌ အမှတ်(၂) စက်မှုဝန်ကြီးဌာနအောက်ရှိ စက်ရုံငယ်အချို့ကို ပုဂ္ဂလိကပိုင် ပြုလုပ်ရေးအတွက် ပုဂ္ဂလိက စက်မှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

## မှာကြား

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် ပုဂ္ဂလိကစက်မှုလုပ်ငန်းရှင်များနှင့်အတူ မရမ်းကုန်းမြို့နယ် ပါရမီလမ်းရှိ လျှပ်စစ်ပစ္စည်းထုတ်လုပ်မှုစက်ရုံသို့ သွားရောက်ပြီး ပြည်ပသို့တင်ပို့လျက်ရှိသည့် လျှပ်စစ်ပစ္စည်းအစိတ်အပိုင်းများ ထုတ်လုပ်နေမှုများနှင့် အရည်အသွေးထိန်းသိမ်းမှုများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကျောင်းသုံးစာရေးကိရိယာနှင့် ထောက်ပံ့ငွေပေးအပ်

**ရန်ကုန် ဇွန် ၁၄**

မင်္ဂလာတောင်ညွန့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ကြီးကြပ်မှုဖြင့် သိမ်ဖြူမီးရထားရပ်ကွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ရပ်ကွက်အတွင်းရှိ အမှတ်(၅) အခြေခံပညာ မူလတန်းကျောင်းတွင် ပညာသင်ကြားနေသော ကျောင်းသား၊ ကျောင်းသူ ၉၃ဦးတို့အတွက် ၂၀၀၇-၂၀၀၈ခုနှစ် ပညာသင်နှစ် ကျောင်းသုံး စာရေးကိရိယာနှင့် ထောက်ပံ့ငွေပေးအပ်ပွဲကို ကျင်းပရာ မင်္ဂလာတောင်ညွန့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးချစ်ကိုကိုနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဇော်လင်းတို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် အလှူရှင် ရပ်ကွက်တွဲဖက် စည်းရုံးရေးမှူး ဦးစိန်ဝင်း-ဒေါ်သိန်းသိန်းစမ်း၊ သမီး မမေအိန္ဒြေဖို၊ မစိမ့်သဒ္ဒါသိမ့်တို့က ငွေကျပ် ၂၅၀၀၀၀ တန်ဖိုးရှိ စာရေးကိရိယာနှင့် ထောက်ပံ့ငွေများကို ကျောင်းသား၊ ကျောင်းသူများအား ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(အောက်ပုံ) (သတင်းစဉ်)**



# ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ လူမှောင်ခို၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာ ဟောပြော

ရန်ကုန် ဇွန် ၁၄

**ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ လူမှောင်ခို၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်းအဖွဲ့ခွဲက ကြီးမှူးကျင်းပသော လူမှောင်ခို၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၁၀နာရီက ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် ADK အထည်ချုပ်စက်ရုံ၌ ကျင်းပသည်။**

## တက်ရောက်

ဟောပြောပွဲသို့ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေ၊ ဥက္ကဋ္ဌ ဒေါ်ခင်မျိုးသူ နှင့် အဖွဲ့ဝင်များ၊ ရန်ကုန်မြောက်ပိုင်းခရိုင်နှင့် မင်္ဂလာဒုံမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ADK စက်ရုံ အမျိုးသမီးဝန်ထမ်းများ တက်ရောက်ကြသည်။

## အဆိုပြုလွှာလက်ခံ

ရှေးဦးစွာ ရန်ကုန်တိုင်း အမျိုးသမီးရေးရာ အဖွဲ့နာယက ဒေါ်မာမာဝေက အမှာစကား ပြောကြားသည်။ ထို့နောက် ADK စက်ရုံမှ စက်ရုံဝန်ထမ်းများကိုယ်စား ဝန်ထမ်းတစ်ဦးက ပေးအပ်သော အမျိုးသမီးရေးရာအဖွဲ့ဝင် အဆိုပြုလွှာများကို လက်ခံသည်။

## အသိပညာပေးဟောပြော

ဆက်လက်၍မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရန်ကုန် လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး အထူးအဖွဲ့တာဝန်ခံ ဒုတိယရဲမှူး အေးအေးမြင့်က လူမှောင်ခို၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာ သိကောင်းစရာများကို အသိပညာပေး ဟောပြောသည်။





ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့်ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့၊ အမျိုးသမီးငယ်/ရွယ် လုပ်ငန်းအဖွဲ့ခွဲ အဖွဲ့ဝင် ဒေါ်မြတ်မြတ်ကျော်က မြန်မာအမျိုးသမီးများအား ကာကွယ်ရေးဆိုင်ရာ ဥပဒေများအကြောင်းကို ဟောပြောသည်။

## အမှတ်တရပစ္စည်းပေးအပ်

ယင်းနောက် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မာမာဝေက အသိပညာပေး ဟောပြောပေးသူများအား အမှတ်တရပစ္စည်းများ ပေးအပ်ပြီး ဟောပြောပွဲကို ရုပ်သိမ်းလိုက်သည်။

ဟောပြောပွဲအပြီးတွင် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေနှင့် အဖွဲ့သည် ADK စက်ရုံအတွင်း လှည့်လည်ကြည့်ရှုကြသည်။ **(သတင်းစဉ်)**

## အသိပညာပေး

**ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မာမာဝေ မင်္ဂလာဒုံမြို့နယ် ADK အထည်ချုပ်စက်ရုံ၌ ကျင်းပသည့် လူမှောင်ခို၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲတွင် အမှာစကား ပြောကြားစဉ်။**
(သတင်းစဉ်)

# ဆက်သွယ်ရေးပစ္စည်းများ ဝယ်ယူရေးနှင့် ရတနာပုံမြို့သစ်စီမံကိန်းတွင် ပစ္စည်းများတပ်ဆင်ရေး လက်မှတ်ရေးထိုးပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဇွန် ၁၄

**ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Alcatel Shanghi Bell Co., Ltd.တို့၏ ယွမ်သန်း၃၀၀အသုံးပြုပြီး ဆက်သွယ်ရေးပစ္စည်းများဝယ်ယူရေးနှင့် ရတနာပုံမြို့သစ် စီမံကိန်းတွင် ပစ္စည်းများတပ်ဆင်ရေးဆိုင်ရာ လက်မှတ်ရေးထိုးသည့် "Signing Ceremony of Supply Contract Between Myanmar Posts and Telecommunications and Alcatel Shanghi Bell Co., Ltd For GMS Information Super highway Project" အခမ်းအနားကို နေပြည်တော်ရှိ ရွှေနန်းတော်ဟိုတယ်၌ ဇွန် ၁၁ ရက် နံနက်ပိုင်းက ကျင်းပသည်။**

## တက်ရောက်

အခမ်းအနားသို့ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ တာဝန်ရှိသူများ၊ Alcatel Shanghi Bell Co., Ltd မှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ Air Bagan ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် Alcatel Shanghi Bell Co., Ltd မှ Vice President တို့က အသီးသီးအမှာစကား ပြောကြားကြပြီး မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသာဦးနှင့် Alcatel Shanghi Bell Co., Ltd မှ ဌာနေ ကိုယ်စားလှယ်တို့ လက်မှတ်ရေးထိုးကြသည်။

## လက်မှတ်ရေးထိုး

ဆက်လက်၍ ထူးထရေးဒင်း ကုမ္ပဏီအုပ်စုနှင့် Alcatel Shanghi Bell Co., Ltd တို့၏ မြန်မာနိုင်ငံ ဆက်သွယ်မှုကဏ္ဍများနှင့် ရတနာပုံမြို့သစ်တည်ဆောက်ရေးစီမံကိန်းတို့၌ ပူးပေါင်း ဆောင်ရွက်ရန် သဘောတူစာချုပ်ကို ထူးထရေးဒင်းကုမ္ပဏီဥက္ကဋ္ဌ ဦးတေဇနှင့် Alcatel Shanghi Bell Co., Ltd ဥက္ကဋ္ဌတို့က လက်မှတ်ရေးထိုးကြပြီး အမှတ်တရ ဓာတ်ပုံရိုက်ကြသည်။




**ထူးထရေးဒင်း ကုမ္ပဏီအုပ်စုနှင့် Alcatel Shanghi Bell Co., Ltd တို့၏ မြန်မာနိုင်ငံ ဆက်သွယ်မှုကဏ္ဍများနှင့် ရတနာပုံမြို့သစ်တည်ဆောက်ရေး စီမံကိန်းတို့၌ ပူးပေါင်းဆောင်ရွက်ရန် သဘောတူစာချုပ်ကို ထူးထရေးဒင်းကုမ္ပဏီဥက္ကဋ္ဌ ဦးတေဇနှင့် Alcatel Shanghi Bell Co., Ltd ဥက္ကဋ္ဌတို့ လက်မှတ်ရေးထိုးကြစဉ်။** (သတင်းစဉ်)

## အမှာစကားပြောကြား

ဆက်လက်၍ ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော်သည် ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးရုံးခန်းမ၌ ကျင်းပသော e-Government အကောင်အထည်ဖော်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားသည်။

အခမ်းအနားတွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ e-Government စီမံကိန်းအတွက် ဆောင်ရွက်ထားမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကိုလည်းကောင်း၊ မြန်မာအင်ဖိုတက်မှ ကွန်ပျူတာသုံး မြန်မာစာ စနစ် ဆောင်ရွက်ထားရှိမှုများကို လည်းကောင်း တင်ပြကြပြီး တက်ရောက်လာသူများက e-Government ဆိုင်ရာများကို ဆွေးနွေးတင်ပြကြရာ ဝန်ကြီးက ဖြည့်စွက်ဆွေးနွေး၍ e-Government စနစ်အတွက် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## ဆက်ကပ်လှူဒါန်း

**ရန်ကုန်တိုင်း လှိုင်မြို့နယ် ဗဟိုလမ်းရှိ လှိုင်ရတနာပရိယတ္တိစာသင်တိုက်အတွင်း တည်ဆောက်မည့် သန္တာရတနာဘောဂသုံးထပ်ကျောင်းဆောင်သစ်အတွက် ကမာရွတ်မြို့နယ်နေ ဦးချောင်ရန်ဟိန်းအား ရည်စူး၍ ဒေါ်ခင်ရီ၊သမီး မစုစုမျိုးမိသားစုက အလှူငွေကျပ်ငါးသိန်းကို လှိုင်ရတနာ ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။** (က-ပ)

# မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒလမြို့နယ်၌ ကျန်းမာရေး ပညာပေးခြင်းနှင့် ကွင်းဆင်း ရောဂါရှာဖွေကုသမှုပေး

ရန်ကုန် ဇွန် ၁၄

**မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာသန်းဦး ဦးဆောင်သော အသင်းပိုင် ရောဂါရှာဖွေရေးဆေးခန်းမှ တာဝန်ခံဆရာဝန်များနှင့်အဖွဲ့ဝင်များသည် ဇွန်၉ရက် နံနက်ပိုင်းက ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဝင်များနှင့်အတူ ဒလမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း သားဖွားခန်းသို့ရောက်ရှိပြီး ရှေးဦးစွာကျန်းမာရေးအသိပညာပေးခြင်းကို ဆောင်ရွက်ရာ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များက အသိပညာပေးရခြင်း အကြောင်းရင်း၊ လုံခြုံစိတ်ချမိခင်ဘဝနှင့် အမျိုးသမီးများ မျိုးပွားအင်္ဂါ ကင်ဆာအကြောင်းတို့ကို အသိပညာပေး ဆွေးနွေးကြသည်။**

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်က ငွေကျပ်တစ်ဆယ့်ငါးသိန်း တန်ဖိုးရှိ သားဖွားခန်းသုံးဆေးနှင့် ဆေးပစ္စည်းများကိုလှူဒါန်းရာ **(ယာပုံ)**ခရိုင်ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌကလက်ခံသည်။ အဆိုပါကျန်းမာရေးအသိပညာပေး ဆွေးနွေးပွဲသို့ တိုင်း၊ခရိုင်၊ မြို့နယ်၊ ကျေးရွာအသင်းဝင်များ၊ တာဝန်ရှိသူများအပါအဝင် အမျိုးသား၈၆ဦး၊ အမျိုးသမီး ၁၈၂ဦး နှင့်လူငယ်လူရွယ် ၁၂၈ဦး စုစုပေါင်း ၃၉၆ဦး တက်ရောက်ကြသည်။



ထို့နောက် အဆိုပါ အသင်းပိုင်သားဖွားခန်းကို အခြေပြု၍ အဖွဲ့ငယ်များဖွဲ့ကာ ကိုယ်ဝန်ဆောင်အမျိုးသမီး ၇၉ဦးအား ကိုယ်ဝန်စမ်းသပ်ပေးခြင်း၊ ဆီးစစ်ပေးခြင်း၊ အထွေထွေသွေးစစ်ပေးခြင်း၊ (PMCT)စီမံချက်အရ မိခင်မှ သန္ဓေသားသို့ HIV ရောဂါပိုးကူးစက်မှု တားဆီး ကာကွယ် ကုသမှုပေးရေးအတွက် နှစ်သိမ့်ဆွေးနွေးပေး ခြင်းနှင့် သွေးဖောက်စစ်ဆေးပေးခြင်း၊အိမ်ထောင်သည် အမျိုးသမီး၃၉ဦးအား သားအိမ်ခေါင်းကင်ဆာ ကြိုတင်သိရှိ ကာကွယ်ကုသနိုင်ရေးအတွက် Pap Smear စမ်းသပ်ပေးခြင်း၊ အမျိုးသမီးများအား ရင်သားစမ်းသပ်ပေးခြင်း၊ လိုအပ်သူများကို သက်ဆိုင်ရာ ဆေးရုံများသို့ ညွှန်းပို့ပေးခြင်းနှင့် အမျိုးသား ၁၇၂ဦးတို့အား ကွန်ဒုံးအသုံးပြုမှု လက်တွေ့ရှင်းပြခြင်းနှင့် အပြန်အလှန် ဆွေးနွေးခြင်းတို့ကို ပြုလုပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကြက်ငှက်တုပ်ကွေးရောဂါ စူးစမ်းရှာဖွေစစ်ဆေးချက်၊ အရေးယူဆောင်ရွက်ချက်နှင့် သတိပေးနှိုးဆော်ချက်

**ရန်ကုန် ဇွန် ၁၄**

## ကြက်ငှက်တုပ်ကွေးရောဂါထိန်းချုပ်နိုင်ခဲ့ခြင်း (Outbreak Containment)

ရန်ကုန်တိုင်းအတွင်း ၂၈-၂-၂၀၀၇ရက်မှ ၃၁-၃-၂၀၀၇ ရက်အထိ ဖြစ်ပွားခဲ့သော ကြက်ငှက်တုပ်ကွေးရောဂါကို ထိန်းချုပ်နိုင်ခဲ့သဖြင့် ကြက်၊ ဘဲ၊ ငုံး ရွှေ့ပြောင်းသယ်ဆောင်ရောင်းဝယ်မှု ကန့်သတ်ချက်များကို ၂၂-၄-၂၀၀၇ ရက်မှစ၍ ပြန်လည်ရုပ်သိမ်းခဲ့ပြီး ပုံမှန်မွေးမြူထုတ်လုပ် ရွှေ့ပြောင်းသယ်ဆောင်မှုကို ခွင့်ပြုခဲ့ပြီးဖြစ်သည်။

## ရောဂါထိန်းချုပ်ပြီးနောက်ပိုင်းကာလ ရောဂါစူးစမ်းရှာဖွေစစ်ဆေးခြင်း ( Surveillance)၊

ရောဂါဖြစ်ပွားခဲ့သည့် မြို့နယ်များအတွင်း ရောဂါထိန်းချုပ်နိုင်ပြီးဖြစ်သော်လည်း မွေးမြူထုတ်လုပ်မှု သဘာဝ၊ ရေမြေ သဘာဝ၊ ပတ်ဝန်းကျင်အခြေအနေအရ အပြည်ပြည်ဆိုင်ရာ ကျွမ်းကျင်သူပညာရှင်များနှင့် ပူးပေါင်းသတ်မှတ်ထားရှိသော ရောဂါကျရောက်မှု အန္တရာယ်ရှိနိုင်သည့်(High Risks) ဒေသများဖြစ်သော ရန်ကုန်တိုင်း၊ ပဲခူး(အရှေ့)၊ ဧရာဝတီတိုင်း၊ မွန်ပြည်နယ်၊ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းအတွင်းနှင့် ကြက်၊ဘဲဈေး၊ ငှက်ရိုင်းများနားခိုရာ ကချင်ပြည်နယ် အင်းတော်ကြီး၊ ပဲခူးတိုင်း မိုးယွန်းကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အင်းလေးဒေသများအတွင်း ကြက်ငှက်တုပ်ကွေးရောဂါ စူးစမ်းရှာဖွေစစ်ဆေးမှုများကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

## ရောဂါရှာဖွေစစ်ဆေးတွေ့ရှိချက်နှင့် အရေးယူဆောင်ရွက်ချက်

(က) ရောဂါစူးစမ်းရှာဖွေရေးလုပ်ငန်းကို ၂၀၀၇ခုနှစ် မေ၇ရက်မှ ဇွန်၉ရက်အထိ ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်း ကြက်၊ဘဲသွေးရည်ကြည်၊ကြက်၊ဘဲလေပြွန်နှင့်စအိုမှ နမူနာစုစုပေါင်း ၆၆၇၀ ကို စစ်ဆေးခဲ့ရာ မှော်ဘီမြို့နယ် ဘဲခြံတစ်ခြံရှိ ဘဲ၏သွေးရည်ကြည်၌ ကြက်ငှက်တုပ်ကွေး ပဋိပစ္စည်းများ တွေ့ရှိရသော်လည်း ဗိုင်းရပ်စ်ပိုးစွန့်ထုတ်ခြင်းမရှိသဖြင့် ၎င်းဘဲများအား ရွှေ့ပြောင်းမှုမပြုရန်နှင့် သားဖောက်မှုမပြုရန် ထိန်းချုပ်ထားခဲ့ပါသည်။

(ခ) အင်းစိန်မြို့နယ် ဥစား ကြက်ခြံတစ်ခြံတွင် ကြက်ငှက်တုပ်ကွေးရောဂါပိုး($H_5N_1$) စစ်ဆေးတွေ့ရှိသဖြင့် ခြံရှိ ကြက်များကို ရောဂါပျံ့နှံ့မှုအန္တရာယ်မှ ကာကွယ်ရန်အတွက်(Risk Prevention) ၂၃-၅-၂၀၀၇ ရက်တွင် ၈၅၁ကောင်ကို ဖျက်ဆီးမြေမြှုပ်ခဲ့သည်။

(ဂ) ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်း အထက်အပိုဒ်ခွဲ (က)နှင့် (ခ) နှစ်နေရာမှအပ စစ်ဆေးပြီးစီးသည့် ရောဂါနမူနာများ၌ ကြက်ငှက်တုပ်ကွေးရောဂါပိုး စစ်ဆေးတွေ့ရှိခြင်း မရှိပါ။

(ဃ) ကြက်ငှက်တုပ်ကွေးရောဂါ ကျရောက်ခဲ့ခြင်းမရှိသော်လည်း ရောဂါအန္တရာယ် ကျရောက်ဖြစ်ပေါ်နိုင်သည့် နယ်မြေများအနက် ပဲခူးတိုင်းအရှေ့ခြမ်း နယ်မြေများရှိ ကြက်ခြံများအား ရောဂါစူးစမ်းထောက်လှမ်းမှု ပြုလုပ်ခဲ့ရာ ၃-၆-၂၀၀၇ ရက် ပဲခူးမြို့ ဥစားကြက်ခြံတစ်ခြံတွင် ကြက်ငှက်တုပ်ကွေးရောဂါပိုး $H_5$ သံသယ စစ်ဆေးတွေ့ရှိခဲ့ပြီး ကူးစက်ပျံ့နှံ့မှုကို ကြိုတင်ကာကွယ်မှု တစ်ရပ်အနေဖြင့် ကြက်ကောင်ရေ ၉၆၁ကောင်အား ၄-၆-၂၀၀၇ရက်တွင် သုတ်သင်ဖျက်ဆီးခဲ့သည်။ ဆက်လက်စစ်ဆေးချက်အရ ၈-၆-၂၀၀၇ရက် ကြက်ငှက်တုပ်ကွေးရောဂါ $H_5N_1$ အတည်ပြု စစ်ဆေးတွေ့ရှိခဲ့သည်။

(င) ပဲခူးမြို့ အသားစားကြက်၂၀၀မွေးမြူထားသော ကြက်ခြံတစ်ခြံ၌ ၃-၆-၂၀၀၇ရက်မှ ၉-၆-၂၀၀၇ရက်အထိ ကြက်၇၂ကောင် သေဆုံးမှုရှိခဲ့သဖြင့် ရောဂါထောက်လှမ်းခြင်း၊ ဓာတ်ခွဲခန်းစစ်ဆေးခြင်းများကို ၎င်းရက်များအတွင်း ဆက်တိုက်စိစစ် စစ်ဆေးဆောင်ရွက်ခဲ့ရာ ကြက်ငှက်တုပ်ကွေးရောဂါ (Type-A, $H_5N_1$) စစ်ဆေး မတွေ့ရှိရပါ။ ကူးစက်တတ်သော ကြက်ဆီအိတ်ရောင်ရောဂါ Infectious Bursal disease ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသည်။ ကြက်ခြံရှိ ကြက်များအား လိုအပ်သည့်ဆေးဝါးများ တိုက်ကျွေးစေ၍ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ စောင့်ကြည့်စစ်ဆေး အကူအညီပေးခဲ့သည်။

## နှိုးဆော်ချက်

ကြက်ငှက်တုပ်ကွေးရောဂါ ဗိုင်းရပ်စ်ပိုး အကြွင်းအကျန်များ လည်ပတ်နေသေးကြောင်း Virus Circulatory သို့ဖြစ်၍ ရောဂါကာကွယ်ထိန်းချုပ်နိုင်ရန်အတွက် အောက်ပါအတိုင်း ပူးပေါင်းဆောင်ရွက်ရန် နှိုးဆော်အပ်ပါသည်-

(က) မျိုးကြက်၊ဘဲခြံများနှင့် စီးပွားဖြစ်မွေးမြူရေး ကြက်၊ ဘဲ၊ ငုံးခြံများရှိ ကြက်၊ ဘဲ၊ ငုံးများအား မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ ကြက်ငှက်တုပ်ကွေးရောဂါ ရှာဖွေစစ်ဆေးမှုကို ခံယူပါရန်။

(ခ) မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှု မြှင့်တင်ရန်။

(ဂ) ထူးခြားသော ကြက်၊ ဘဲ သေဆုံးမှုရှိပါက မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ ဆောလျင်စွာသတင်းပို့ရန်။

(ဃ) ကြက်ခြံလုပ်သားများ ကြက်၊ ဘဲ ခုတ်ထစ် ရောင်းချ ချက်ပြုတ်သူများအနေဖြင့် လိုအပ်သလို တစ်ကိုယ်ရေ ကာကွယ်ရေးပစ္စည်း (လက်အိတ်၊ နှာခေါင်းစည်း) အသုံးပြုရန်နှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးတိုင်း လက်ကိုဆပ်ပြာဖြင့် သေချာစွာဆေးကြောရန်။

(င) ကြက်၊ ဘဲဒိုင်နှင့် ကြက်၊ ဘဲ၊ ငုံး ရောင်းဝယ်ဖောက်ကားသူများအနေဖြင့် ကျန်းမာသော ကြက်၊ ဘဲ၊ ငုံးများကိုသာ လက်ခံရောင်းချရန်။

(စ) တရားမဝင် တင်သွင်းသည့် ကြက်သားပေါက်များနှင့် ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ဆေးများ လုံးဝအသုံးမပြုရန်။

**မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန**
**မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန**

# ကျွန်တော် နိုင်ငံရေးသမား

"ဘဘက သာကူးလုပ်လိုက်တာပေါ့လေ။"

လူလတ်ပိုင်းအရွယ်မြေးမ ခင်ဝါဝါရွှေက ကျွန်တော့်အိမ်ရောက်လာပြီး ခရီးရောက်မဆိုက် တွေ့တွေ့ချင်းပြောလိုက်သော စကားဖြစ်သည်။

သူမက သတင်းစာပါ ကျွန်တော်၏ဆောင်းပါးများကို ဖတ်ရှုရပြီး ၂၆-၅-၂၀၀၇ နေ့က ကျွန်တော့်နေအိမ်တွင် ကျင်းပခဲ့သော 'သတင်းစာရှင်းလင်းပွဲ' သတင်းကိုကြားပြီး အထက်ပါအတိုင်း ပြောလိုက်ခြင်းဖြစ်လေသည်။

လွတ်မြောက်ရေးအတွက် စတင်တိုက်ပွဲဝင်ခဲ့တဲ့ နိုင်ငံရေးသမားပါ။ ဂျပန်ခေတ်မှာလဲ ဖက်ဆစ်တော်လှန်ရေးလုပ်လို့ ဂျပန်ကင်ပေတိုင်ငရဲခန်းမှာ ညှဉ်းပန်းနှိပ်စက်ခံခဲ့ရဖူးသလို အင်္ဂလိပ်နယ်ချဲ့အစိုးရတက်လာတော့လဲ မတရားသင်းပုဒ်မနဲ့ ပခုက္ကူထောင်မှာ ချုပ်နှောင်ခံရတယ်။ ဖဆပလခေတ်မှာလဲ ပုဒ်မ(၅)နဲ့ ပခုက္ကူထောင်မှာပဲ တစ်နှစ်ကျော်ကျော်ကြာ နေခဲ့ရတယ်။ ၁၉၅၈ ခုနှစ် အိမ်စောင့်အစိုးရလက်ထက်မှာတော့ သက်ဆိုင်ရာက အိမ်ကိုလာဖမ်းတုန်းမှာ ဘဘက အိမ်မှာမရှိလို့ လွတ်သွားပြီး ဝရမ်းပြေးဘဝနဲ့ ပထစအစိုးရတက်သည်

**နိုင်ငံတော်အရေး ယှဉ်လာရင်လဲ နိုင်ငံတော်အရေးကို ဦးစားပေးရမယ်၊ ဒါဟာ နိုင်ငံရေးသမားတွေ လိုက်နာရမယ့်ကျင့်ဝတ်ပဲ။**

**နောက်တစ်ချက်က နိုင်ငံရေးမှာ ထာဝရမိတ်ဆွေ၊ ထာဝရရန်သူမရှိဘူး။ တူရင် ပေါင်းလုပ်၊ မတူရင် ခွဲလုပ်။ ဒါဟာနိုင်ငံရေးသမားတွေ လိုက်နာနေတဲ့ ကျင့်စဉ်ပဲ။**

**အဲဒီတော့ ဘဘ ဘာကြောင့် တပ်မတော်အစိုးရက ဦးစီးကျင်းပနေတဲ့ အမျိုးသားညီလာခံအောင်မြင်ရေး ကြိုဆိုထောက်ခံရတယ်ဆိုတာ ရှင်းပြမယ်။ နိုင်ငံရေးသမားတစ်ယောက်ဟာ မိမိအကျိုးနဲ့**

> **"NLD ခေါင်းဆောင် ဒေါ်စုကြည်က နိုင်ငံတော်အတွက် သူရေးဆွဲတဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေကိုသာ သုံးရမယ်၊ ဒီမိုကရေစီနိုင်ငံဆိုတာလဲ သူဦးစီးမှ ဖြစ်မယ်၊ တပ်မတော်ကလုပ်တာ မလိုချင်ဘူးတဲ့လေ။ အဲဒါကိုယ်ကျိုးနဲ့ ပြည်သူ့အကျိုးယှဉ်လာရင် ပြည်သူ့အကျိုးကို ဦးစားပေးရမည်ဆိုတဲ့ နိုင်ငံရေးသမားပီသသူရဲ့ကျင့်စဉ်ကို လုံးဝ ဖောက်ဖျက်လိုက်တာပါပဲ။"**

သူမ ပြောလိုက်သော စကားမှာ ကျွန်တော်အလွန်ကြားချင်သော စကားပင်ဖြစ်သည်။ သူမစကားကို အကြောင်းပြု၍ ကျွန်တော် ဘာ့ကြောင့် ဤသို့ နိုင်ငံရေးလောကသို့ တစ်ကျော့ပြန်ဝင်ရသည်ကို ရှင်းလင်းပြောကြားခွင့်ရနိုင်သည် မဟုတ်ပါလား။

"သမီးပြောတာမှားနေတယ် သမီး၊ ဘဘက သာကူးမဟုတ်ဘူး သမီးရဲ့။

သမီးကို လိုတိုရှင်းမပြောဘူး၊ ရှည်ရှည်ဝေးဝေး ရှင်းပြမယ်၊ နားထောင်ဖို့သာပြင်။"

"ဟုတ်ကဲ့ပါ ဘဘ၊ သမီး နားထောင်ချင်ပါတယ်။"

"ဒီလို သမီးရဲ့၊ ဘဘက အဖွဲ့အစည်းတစ်ခုမှာ ပါဝင်နေပြီး အဲဒီ အဖွဲ့အစည်းနဲ့ ဆန့်ကျင်ဘက် အခြားအဖွဲ့အစည်းတစ်ခုခုစီကို ဝင်ရောက်သွားတယ်ဆိုရင်တော့ သမီးပြောသလို သာကူးပေါ့။

ဒါပေမယ့် ဘဘက ဒီလိုမဟုတ်ဘူးလေ၊ ၁၉၉၀ ရွေးကောက်ပွဲပြီးကတည်းက ဘယ်အဖွဲ့အစည်းထဲမှ မပါခဲ့ဘူး၊ လုပ်ဖော်ကိုင်ဖက်တွေက ဝါရင့်နိုင်ငံရေးသမားအုပ်စုဆိုပြီး လှုပ်ရှားကြရာမှာလဲ ဘဘ မပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ NLD ကို ဝန်းရံရမယ်ဆိုတဲ့ သူတို့ရဲ့ဦးတည်ချက်ကို မကြိုက်လို့ဘဲ။ ဒီတော့ NLD နဲ့ဆိုတာက ပိုပြီး အလှမ်းဝေးတာပေါ့။ ဘဘက နိုင်ငံရေးလေ့လာသူအဖြစ်နဲ့ပဲ လေ့လာနေခဲ့တယ်လေ။"

"ဘဘက ဘာဖြစ်လို့ ငြိမ်နေခဲ့ရတာလဲ။"

"ဒီလိုလေ-ဘဘက NLD နဲ့ NLD ကိုဝန်းရံနေတဲ့ နိုင်ငံရေးသမားတွေရဲ့လှုပ်ရှားမှုဟာ ဒီမိုကရေစီနိုင်ငံသစ် ထူထောင်ရေးအတွက် ဘယ်လောက်နီးစပ်နိုင်မလဲ၊ ဒီမိုကရေစီနိုင်ငံဖြစ်ဖို့ကို ဘယ်အင်အားစုက ပိုပြီးဆောင်ရွက်နိုင်မလဲ၊ ဒါကို အချိန်ပေးပြီး စောင့်ကြည့်လေ့လာနေခဲ့တာပါ။

သမီး သိထားဖို့ရာက ဘဘဟာ နိုင်ငံရေးသမားလေ၊ ဆယ့်ခြောက်နှစ်သား အရွယ်ကတည်းက ကိုလိုနီလက်အောက်က အထိ နေခဲ့ရတယ်။ ထားပါတော့ သမီးရယ်၊ အဲဒီလိုပြောနေတာက ဘဘဟာ နိုင်ငံရေးသမားစစ်စစ်တစ်ယောက်ဖြစ်တယ်ဆိုတာ သိစေချင်လို့ပါ။"

"ဟုတ်ကဲ့ ဆက်ပြောပါ ဘဘ၊ သမီးစိတ်ဝင်စားပါတယ်။"

"အေး-ပြောမယ် စိတ်ချ၊ **နိုင်ငံရေးသမားတစ်ယောက်ဟာ တကယ်လို့ ပြည်သူ့အရေးနဲ့ ကိုယ့်အရေး ယှဉ်လာရင် ကိုယ့်အရေးကို ဦးစားမပေးဘဲ ပြည်သူ့အရေးကို ဦးစားပေးရမယ်၊ ပြည်သူ့အရေးနဲ့ ပြည်သူ့အကျိုး ယှဉ်လာရင် ပြည်သူ့အကျိုးဦးစားပေးရမယ့် မူအရ ဘဘ ကြိုဆိုထောက်ခံလိုက်တာဖြစ်တယ် သမီး။**

မလိုတမာသူတွေက ဘဘရဲ့ နိုင်ငံရေးသိက္ခာကို အပုပ်ချကြမှာကိုကြောက်ပြီး ဘာမှမလုပ်ဘဲနေတာထက် ပြည်သူ့အကျိုးအတွက် နိုင်ငံတော်သစ်ကြီးပေါ်ထွန်းအောင် တာဝန်ယူ ထမ်းဆောင်နေတဲ့ဘက်ကို ထောက်ခံလိုက်တာဟာ အမှန်ကန်ဆုံးပဲလို့ ရဲရဲဆုံးဖြတ်လိုက်တာပဲ သမီး။

> **"ဆယ့်ခုနစ်နှစ်တာ ကာလအတွင်းမှာ NLD နဲ့ NLD[...] တွေက နိုင်ငံတော်ကို ဒီမိုကရေစီနိုင်ငံတော်ကြီး အသွင်ကူးပြောင်းဖို့ လုပ[...] ခဲ့သလဲ။**
>
> **သမီးလဲ သိပါတယ်လေ။ အဆန်မပါတဲ့ သကြီးနအမြောက်ပစ်သလိ[...] ခဲ့ပါဘူး။ သူတို့ကြောင့် ဒီမိုကရေစီနိုင်ငံတော်သစ် ဖြစ်ပေါ်လာဖို့ နေနေသ[...] မဟုတ်လား။"**

ရဲ[...]

ဘဘ စောင့်ကြည့်[...]
**အတွင်းမှာ NLD နဲ့ N[...]**
**သမားဆိုသူတွေက နိုင်ငံ[...]**
**ကူးပြောင်းဖို့ လုပ်နေပါ[...]**
**ခဲ့သလဲ။**
**သမီးလဲ သိပါတယ[...]**
**ပစ်သလို အသံတွေသာ[...]**
**သူတို့ကြောင့် ဒီမိုကရေစီ[...]**
**အရိပ်အယောင်တောင်မှ[...]**
"ဟုတ်တယ်နော် ဘ[...]
**မဟုတ်သေးဘူး၊ ပြည်ပက[...]**
**ကြတဲ့ ပြည်ပြေးတွေရဲ့[...]**
**ဖြစ်လာတာ မတွေ့ဘူး။[...]**
**"ဒါပေါ့ သမီး၊ ဒီ[...]**
**ကိုလိုနီနယ်ချဲ့လက်သစ်[...]**
**ဗလာအမြောက်ပစ်တဲ့ အ[...]**
**တော့ ပြည်ပြေးလုပ်စား[...]**
**ဒါ့ကြောင့် နိုင်ငံ[...]**
**ပြည်ပနိုင်ငံရေးသမားဆိုသူ[...]**
**နိုင်ငံရေးသမားတွေကိုပါ[...]**
**ထင်ရှားနေတာပေါ့။**
သြော်-ပြောရဦးမယ[...]
ပြည်သူ့အရေးကို ဦးစား[...]
ဘဝမှာ အရင်လဲ တစ်ကြ[...]
ဒီလိုသမီးရဲ့၊ ၁၉၆[...]
လာတော့ အစိုးရက 'ဆ[...]
အလင်းကြေညာပြီး ရှေ့ဆေ[...]
ပါတီကို ထူထောင်လိုက်[...]
အဲဒီတုန်းက ဘဘ[...]
သခင်ချစ်မောင်(ဝိဇ္ဇာ)မန္တ[...]
ရဲဘော်တွေနဲ့တွေ့ပြီး နိ[...]

“ပြည်တွင်းက နိုင်ငံရေးသမားတွေသာ မဟုတ်သေးဘူး၊ ပြည်ပကို ထွက်ပြေးပြီး အော်ကြီးဟစ်ကျယ် ပြောနေကြတဲ့ ပြည်ပြေးတွေရဲ့ လုပ်ဆောင်ချက်ဟာလဲ ကနေ့ထိ ဘာမှဖြစ်လာတာ မတွေ့ဘူး။”

“ဒါပေါ့ သမီး၊ ဒီပြည်ပြေးဆိုတာတွေကလဲ တိုင်းတစ်ပါးမှာ ကိုလိုနီနယ်ချဲ့လက်သစ်တွေရဲ့ ပေးတာယူ ကျွေးတာစား ဇိမ်ယစ်ပြီး ဗလာအမြောက်ပစ်တဲ့အလုပ်ပဲ လုပ်နေကြတာ၊ တည့်တည့်ပြောရရင်တော့ ပြည်ပြေးလုပ်စားနေကြတာလေ သမီးရဲ့။

ဒါ့ကြောင့် နိုင်ငံတော်မှာ ဒီမိုကရေစီနိုင်ငံဖြစ်ဖို့ အရေးဟာ ပြည်ပ နိုင်ငံရေးသမား ဆိုသူတွေရော လက်ရှိ ပြည်တွင်း နိုင်ငံရေးပါတီနဲ့ နိုင်ငံရေးသမားတွေကိုပါ ပြည်သူတွေ အားကိုးလို့မရဘူးဆိုတာ ထင်ရှားနေတာပေါ့။”

## ရဲဘော်တင်ရွှေ

ဘဘ စောင့်ကြည့်လေ့လာခဲ့တဲ့ **ဆယ့်ခုနစ်နှစ်တာ ကာလအတွင်းမှာ NLD နဲ့ NLD ကို ဝန်းရံအားဖြည့်နေတဲ့ နိုင်ငံရေးသမားဆိုသူတွေက နိုင်ငံတော်ကို ဒီမိုကရေစီနိုင်ငံတော်ကြီး အသွင်ကူးပြောင်းဖို့ လုပ်နေပါတယ်ဆိုတာ ဘယ်လောက်ထိ ခရီးရောက်ခဲ့သလဲ။**

**သမီးလဲ သိပါတယ်လေ။ အဆန်မပါတဲ့ သကြိန်အမြောက်ပစ်သလို အသံတွေသာ ကြားခဲ့ရပြီး ဘာမှခရီးမရောက်ခဲ့ပါဘူး။ သူတို့ကြောင့် ဒီမိုကရေစီနိုင်ငံတော်သစ်ဖြစ်ပေါ်လာဖို့ နေနေသာသာ အရိပ်အယောင်တောင်မှ မမြင် မတွေ့ရဘူး မဟုတ်လား။”**

“ဟုတ်တယ်နော် ဘဘ၊ **ပြည်တွင်းက နိုင်ငံရေးသမားတွေသာ မဟုတ်သေးဘူး၊ ပြည်ပကိုထွက်ပြေးပြီး အော်ကြီးဟစ်ကျယ် ပြောနေကြတဲ့ ပြည်ပြေးတွေရဲ့ လုပ်ဆောင်ချက်ဟာလဲ ကနေ့ထိ ဘာမှဖြစ်လာတာ မတွေ့ဘူး။”**

**“ဒါပေါ့ သမီး၊ ဒီပြည်ပြေးဆိုတာတွေကလဲ တိုင်းတစ်ပါးမှာ ကိုလိုနီနယ်ချဲ့လက်သစ်တွေရဲ့ ပေးတာယူ ကျွေးတာစား ဇိမ်ယစ်ပြီး ဗလာအမြောက်ပစ်တဲ့ အလုပ်ပဲ လုပ်နေကြတာ၊ တည့်တည့်ပြောရရင်တော့ ပြည်ပြေးလုပ်စားနေကြတာလေ သမီးရဲ့။**

**ဒါ့ကြောင့် နိုင်ငံတော်မှာ ဒီမိုကရေစီနိုင်ငံ ဖြစ်ဖို့အရေးဟာ ပြည်ပနိုင်ငံရေးသမားဆိုသူတွေရော လက်ရှိပြည်တွင်းနိုင်ငံရေးပါတီနဲ့ နိုင်ငံရေးသမားတွေကိုပါ ပြည်သူတွေ အားကိုးလို့မရဘူးဆိုတာ ထင်ရှားနေတာပေါ့။**

ဩော်-ပြောရဦးမယ်၊ နိုင်ငံရေးသမားဆိုတာ ကိုယ့်အရေးထက် ပြည်သူ့အရေးကို ဦးစားပေးရမယ်ဆိုတာလေ။ ဘဘရဲ့ နိုင်ငံရေးဘဝမှာ အရင်လဲ တစ်ကြိမ်လုပ်ခဲ့ဖူးတယ်။

ဒီလိုသမီးရဲ့၊ ၁၉၆၂ခုနှစ် တော်လှန်ရေးအစိုးရရယ်လို့ တက်လာတော့ အစိုးရက ‘ဆိုရှယ်လစ်နိုင်ငံ ထူထောင်မယ်’လို့ အတိအလင်းကြေညာပြီး ရှေ့ဆောင်ပါတီအဖြစ် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကို ထူထောင်လိုက်တယ်။

အဲဒီတုန်းက ဘဘတို့ ပမညတရဲ့ ဌာနချုပ်ခေါင်းဆောင် သခင်ချစ်မောင်(ဝိဓူရ)မန္တလေးတက်လာပြီး အထက်မြန်မာနိုင်ငံမှာရှိတဲ့ ရဲဘော်တွေနဲ့တွေ့ပြီး နိုင်ငံရေးအခြေအနေရှင်းလင်းပွဲလုပ်တယ်။

သူပြောခဲ့တဲ့စကား အနှစ်ချုပ်ကတော့ ဒို့တစ်တွေ မြန်မာနိုင်ငံကို ဆိုရှယ်လစ်နိုင်ငံအဖြစ် ထူထောင်ဖို့ကြိုးပမ်းခဲ့ကြတာ အနှစ်နှစ်အလလ ကြာခဲ့ပြီ၊ နီးစပ်မှုမရှိဘူး။ အခုတပ်မတော်က ဆိုရှယ်လစ်နိုင်ငံထူထောင်ဖို့ ကြေညာလိုက်ပြီ၊ အရေးကြီးတာက ဘယ်သူလုပ်လုပ် ဒို့လိုချင်တဲ့ ဆိုရှယ်လစ်နိုင်ငံဖြစ်ဖို့က အဓိကပဲ၊ ဒို့တစ်တွေဝိုင်းဝန်းကြိုဆိုထောက်ခံပြီး ပူးပေါင်းဆောင်ရွက်ကြရမယ်လို့ ရှင်းပြတယ်။

ဒါဟာ နိုင်ငံရေးသမားကောင်းတစ်ယောက်ရဲ့အမြင်နဲ့ သဘောထားပဲ သမီး။

အေး-ဒီနေရာမှာစကားစပ်မိလို့ပြောရဦးမယ်။ **NLD ခေါင်းဆောင် ဒေါ်စုကြည်က နိုင်ငံတော်အတွက် သူရေးဆွဲတဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေကိုသာ သုံးရမယ်၊ ဒီမိုကရေစီနိုင်ငံဆိုတာလဲ သူဦးစီးမှ ဖြစ်မယ်၊ တပ်မတော်ကလုပ်တာ မလိုချင်ဘူးတဲ့လေ။ အဲဒါ ကိုယ်ကျိုးနဲ့ပြည်သူ့အကျိုး ယှဉ်လာရင် ပြည်သူ့အကျိုးကို ဦးစားပေးရမည်ဆိုတဲ့ နိုင်ငံရေးသမားပီသသူရဲ့ ကျင့်စဉ်ကို လုံးဝဖောက်ဖျက်လိုက်တာပါပဲ။”**

“ဟုတ်တယ်နော် ဘဘ၊ ဒေါ်စုကြည်က တကယ်အတ္တလွန်ကဲတာပဲနော်။”

“အေး-သူ့အကြောင်း ခဏထား၊ ခုနကစကားကို ဆက်ရအောင်။ ဝိဓူရသခင်ချစ်မောင်ရဲ့ ရှင်းလင်းချက်ကို ဘဘလဲ သဘောပေါက်လက်ခံကာ မြို့ပြန်ရောက်တော့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်အား ကြိုဆိုထောက်ခံရေးကော်မတီကို ဖွဲ့စည်းပြီး လှုပ်ရှားခဲ့တယ်။”

“ဟုတ်ကဲ့ ဘဘ၊ ဒါထက် ဘဘရဲ့ ရှေ့ခြေလှမ်းကကော။”

“ပြောမှာပေါ့ သမီးရယ်၊ **ခုတစ်ခါလဲ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဆိုတာ တပ်မတော်အစိုးရရဲ့ ကြိုးပမ်းမှုကြောင့် ဘယ်ပါတီ၊ ဘယ်နိုင်ငံရေးသမားမှ မလုပ်နိုင်တဲ့ အခြေခံကောင်းတွေရတဲ့အထိ ဆောင်ရွက်လို့ရနေတာတွေ့တော့ ဘဘရဲ့ နိုင်ငံရေးမှာ ကိုယ်ကျိုးမဖက်တဲ့ ခံယူချက်အတိုင်း တပ်မတော်အစိုးရရဲ့ အသွင်ကူးပြောင်းရေးလုပ်ငန်း အနှောင့်အယှက်ကင်းကင်းနဲ့ အောင်မြင်မှုရဖို့အတွက် ဘဘနဲ့ခံယူချက်ချင်းတူညီတဲ့ ရဲဘော်တွေစုစည်းပြီး ‘အမျိုးသားညီလာခံကြိုဆိုထောက်ခံရေး အင်အားစု’ကို ဖွဲ့စည်းလိုက်တယ်။**

ပြီးတော့ ဘဘတို့ရဲ့နိုင်ငံရေးသဘောထားကို ပြည်သူတွေအား အသိပေးဖို့ ဘဘရဲ့ ယုံကြည်ချက်နဲ့ ခံယူချက်တွေကို အခြေခံပြီး သတင်းစာမှာ ဆောင်းပါးတွေရေးပြီး တင်ပြအသိပေးခဲ့တယ်။

၂၆-၅-၂၀၀၇ နေ့မှာ ဘဘတို့ အင်အားစုရဲ့ ပွဲဦးထွက်လှုပ်ရှားမှုအဖြစ် ပြည်တွင်းပြည်ပ သတင်းစာဆရာကြီးများကို ဘဘအိမ်မှာ ဖိတ်ကြားပြီး သတင်းစာရှင်းလင်းပွဲ ကျင်းပတယ်။ ကြေညာချက် အမှတ်(၁)ကို ထုတ်ပြန်ပြီး ပြည်သူတွေကို ပန်ကြားလိုက်တယ်။

နိုင်ငံတော်သစ်တည်ဆောက်ရေးမှာ ဘယ်ပါတီ၊ ဘယ်နိုင်ငံရေးသမားတွေမှ မလုပ်နိုင်ဘဲ သူတို့ထက် သာလွန်ကောင်းမွန်တဲ့ အခြေအနေအရပ်ရပ်ကို ဖန်တီးနိုင်စွမ်းရှိတဲ့ တပ်မတော်အစိုးရဘက်ကို ထောက်ခံလိုက်တဲ့ ဘဘဟာ မှားသလား သမီး။”

“ဘယ်မှားပါ့မလဲ ဘဘရယ် သိပ်မှန်တာပေါ့” ဟု မြေးမ ခင်ဝါဝါရွှေက ထောက်ခံစကားဆိုကာ မြေးအဘိုးနှစ်ယောက်တို့၏ အင်တာဗျူးပြီးဆုံးခြင်းသို့ တိုင်ခဲ့လေသည်။

တကယ်တော့ ကျွန်တော်သည် နိုင်ငံရေးသမားတစ်ယောက် ဖြစ်သည်နှင့်အညီ နိုင်ငံတော်၏ အခြေအနေအရပ်ရပ်ကို အားလုံးထက် သာလွန်အောင်မြင်အောင် ဦးဆောင်တည်ဆောက်နိုင်ခဲ့သည့် တပ်မတော်အစိုးရအား ထောက်ခံလိုက်ရခြင်းဖြစ်ပါသည်။ ။

**နဲ့ NLD ကို ဝန်းရံအားဖြည့်နေတဲ့ နိုင်ငံရေးသမားဆိုသူ**
**ကူးပြောင်းဖို့ လုပ်နေပါတယ်ဆိုတာ ဘယ်လောက်ထိ ခရီးရောက်**

**မြောက်ပစ်သလို အသံတွေသာကြားခဲ့ရပြီး ဘာမှခရီးမရောက်**
**လာဖို့ နေနေသာသာ အရိပ်အယောင်တောင်မှ မမြင် မတွေ့ရဘူး**

# နှစ်နိုင်ငံကုန်သွယ်မှု အပြန်အလှန်တိုးတက်စေရေး တရုတ်ရင်းနှီးမြှုပ်နှံသူများအား ဗီယက်နမ် ဦးစားပေးမည်

ဟန္နိုင်း ဇွန် ၁၄

**ဗီယက်နမ်နိုင်ငံ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရေးအတွက် တရုတ်ရင်းနှီးမြှုပ်နှံသူများအား ဦးစားပေးသွားမည်ဖြစ်ကြောင်း၊ ယင်းမှာ နှစ်နိုင်ငံအကျိုးတူပူးပေါင်းဆောင်ရွက်မှုအတွက် ရင်းနှီးမြှုပ်နှံမှုနှင့် အပြန်အလှန် ကုန်သွယ်ရေး ဖွံ့ဖြိုးတိုးတက်ရန် ပံ့ပိုးမှုပင်ဖြစ်ကြောင်း ဗီယက်နမ် ဝန်ကြီးချုပ် ငုယင်တန်ဒန်က ဇွန် ၁၁ ရက်၌ ပြောကြားလိုက်သည်။**

ဗီယက်နမ်နိုင်ငံသည် တရုတ်နိုင်ငံအား အကောင်းဆုံးမိတ်ဆွေ နိုင်ငံတစ်နိုင်ငံအဖြစ် မှတ်ယူထားပါကြောင်း၊ နယ်ပယ်ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်သွားရန် အထူးသဖြင့် စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုနယ်ပယ်များ၌ အတူတကွ ဖွံ့ဖြိုးတိုးတက်ရန်နှင့် အကျိုးအမြတ်များ မျှဝေခံစားကြရန် ကြိုးစားသွားမည်ဖြစ်ကြောင်း ဗီယက်နမ်ဝန်ကြီးချုပ် ငုယင်တန်ဒန်က ဟန္နိုင်းမြို့တွင် တရုတ်နိုင်ငံလုံးဆိုင်ရာ စက်မှုနှင့်ကုန်သွယ်ရေးဖက်ဒရေးရှင်း၏ ဒုတိယဥက္ကဋ္ဌ ကျန်ကျီကျို့နှင့် ဇွန် ၁၁ ရက်က တွေ့ဆုံစဉ် ပြောကြားသည်။

**ဖွင့်လှစ်ပေး**

ဗီယက်နမ်အစိုးရသည် ဗီယက်နမ်နိုင်ငံသို့ တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများနှင့် ခရီးသွားများ အလွယ်တကူ လာရောက်နိုင်စေရန် တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့၌ ပြည်ဝင်ခွင့် ဗီဇာရုံး ဖွင့်လှစ်ပေးထားသည်။

**တိုးမြှင့်စီစဉ်**

ထို့အတူတရုတ်နိုင်ငံသို့ဗီယက်နမ်နိုင်ငံမှ သွားရောက်ရာတွင် အဆင်ပြေချောမွေ့စေရန်လည်း လေကြောင်းနှင့် ကုန်းလမ်းခရီးစဉ်များ တိုးမြှင့်စီစဉ်ပေးထားသည်။ ထိုသို့ ဆောင်ရွက်ထားခြင်းမှာ နှစ်နိုင်ငံ စီးပွားရေးနှင့် ကုန်သွယ်ရေး အပြန်အလှန် ပူးပေါင်းနိုင်ရေးအတွက် ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**



ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် ကျင်းပသော (၁၀၉)ကြိမ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားတွင် ကပြဖျော်ဖြေနေကြသူများကို ဇွန် ၁၀ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

# မွမ်ဘိုင်းမြို့နှင့် ဟယ်လ်ဆင်ကီမြို့အကြား တိုက်ရိုက်လေကြောင်း ပျံသန်းမည်

နယူးဒေလီ ဇွန် ၁၄

**ဖင်လန်အမျိုးသား လေကြောင်းလိုင်းသည် ဖင်လန်နိုင်ငံ ဟယ်လ်ဆင်ကီမြို့နှင့် အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့အကြား တိုက်ရိုက် လေကြောင်းပျံသန်းပြေးဆွဲမှုကို ဇွန် ၂၇ ရက်တွင် စတင်မည်ဖြစ်ကြောင်း ယင်းလေကြောင်း ဒုတိယဥက္ကဋ္ဌ ခရစ္စတ္တာဟက်လွန်း၏ ပြောကြားချက်ကို ဒေသဆိုင်ရာသတင်းဌာနက ကိုးကားဖော်ပြသည်။**



**စတင်ပျံသန်း**

ဖင်လန် လေကြောင်းလိုင်းသည် ဇွန် ၂၇ ရက်မှ စတင်၍ မွမ်ဘိုင်းနှင့် ဥရောပအကြား ပြေးဆွဲသွားမည်ဖြစ်ကြောင်း၊ ယင်းလေကြောင်းလိုင်းသည် မွမ်ဘိုင်းနှင့် ဥရောပအကြား တစ်ပတ်ငါးကြိမ် ပျံသန်းပေးမည်ဖြစ်ကြောင်း သိရသည်။

**ပျံသန်းပြေးဆွဲ**

အဆိုပါ လေကြောင်းလိုင်းသည် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့သို့ ၂၀၀၆ ခုနှစ် အောက်တိုဘာလ မှစတင်ပြီး တစ်ပတ်သုံးကြိမ် ပျံသန်းပြေးဆွဲပေးခဲ့သည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

# ဇမ်ဘီယာ၌ မူးယစ်မှောင်ခို ၁၉ ဦးဖမ်းဆီး

လူဆာကာ ဇွန် ၁၄

**ဇမ်ဘီယာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကော်မရှင်(ဒီအီးစီ)က မူးယစ်ဆေးဝါး မှောင်ခိုမှုဖြင့် ဇမ်ဘီယာနိုင်ငံသား ၁၉ ဦးကို ဖမ်းဆီးခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။**

ပြောကြား

**လူဆာကာတရားရုံးက တရားခံ ၁၂ ဦးအား တရားမဝင် ဆေးခြောက်စိုက်ပျိုးမှုနှင့် မှောင်ခိုမှုများဖြင့် တရားရုံးတင်စစ်ဆေးလျက်ရှိကြောင်း ဒီအီးစီ ပြည်သူ့ဆက်ဆံရေးအရာရှိ ရိစတန်ချူလူက ဇွန် ၁၂ ရက်က ပြောကြားသည်။**

ဖမ်းဆီးခဲ့

**မြောက်ပိုင်းပြည်နယ်ရှိကျေးရွာတစ်ရွာမှ လူသုံးဦးအား ဆေးခြောက်များ လက်ဝယ်တွေ့မှုဖြင့် ဖမ်းဆီးခဲ့ကြောင်း ချူလူက ဆက်လက်ပြောကြားသည်။**

အမ်အင်န်အေ၊ဆင်ဟွာ

# အာဖဂန်နစ္စတန်၌ မြေပြိုမှုဖြစ်ပွား

**ကဘူးလ် ဇွန် ၁၃**

အာဖဂန်နစ္စတန် တက်ခ်ဟာပြည်နယ် အရှေ့မြောက်ပိုင်းတွင် နှင်းခဲများ အရည်ပျော်ကျသဖြင့် မြေပြိုမှုဖြစ်ပွားရာ မိသားစုတစ်စုတည်းမှ ရှစ်ဦး သေဆုံးသွားခဲ့ကြောင်း ပြည်နယ်လုံခြုံရေးအကြီးအကဲ ဇာယူဒင်မိုဟာမက်က ဇွန် ၁၂ ရက်၌ ပြောကြားသည်။

**သေဆုံး**

မြေပြိုမှုမှာ ဇွန် ၁၁ ရက်က ဖြစ်ပွားခဲ့ပြီး သေဆုံးသူများတွင် အမျိုးသမီးတစ်ဦး၊ ကလေးငယ်တစ်ဦးနှင့် အမျိုးသား ခြောက်ဦးပါဝင်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**ရွှေ့ပြောင်း**

တာဂျစ်ကစ္စတန်နိုင်ငံ နယ်စပ်အနီးရှိဒေသများတွင် နေထိုင်သူများအနေဖြင့် မြေပြိုမှုများဖြစ်ပွားလျက်ရှိရာ အခြားဒေသများသို့ ရွှေ့ပြောင်းနေထိုင်ကြရကြောင်း အဆိုပါသတင်းတွင် ပါရှိသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

# ဘင်္ဂလားဒေ့ရှ် မြေပြိုမှု သေဆုံးသူ ၉၉ ဦးရှိခဲ့

**ဒါကာ ဇွန် ၁၄**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ အရှေ့တောင်ပိုင်းတွင် ဇွန် ၁၁ရက်က မြေပြိုမှုကြောင့် သေဆုံးသူဦးရေမှာ ဇွန် ၁၂ရက် မွန်းလွဲပိုင်းအထိ ၉၉ဦးရှိသွားပြီ ဖြစ်ကြောင်း သိရသည်။

**ပျောက်ဆုံး**

မြေပြိုမှုကြောင့် ဒါဇင်ပေါင်းများစွာသော လူများပျောက်ဆုံးနေဆဲဖြစ်ကြောင်း ရဲတပ်ဖွဲ့နှင့်မီးသတ်တပ်ဖွဲ့တို့ကပြောကြားသည်။ ပျောက်ဆုံးနေသူများအား ဘင်္ဂလားဒေ့ရှ်စစ်ဘက်နှင့် မီးသတ်တပ်ဖွဲ့များက ရှာဖွေလျက်ရှိသည်။

**မြင့်တက်လာမည်**

သေဆုံးသူ အရေအတွက်မှာ မြင့်တက်လာမည်ဖြစ်ကြောင်း၊ ပျောက်ဆုံးနေသူများမှာ တောင်စောင်းများ၌ နေထိုင်သူများဖြစ်ကြောင်း ကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များက ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

# သတို့သမီးဝတ်စုံပြပွဲ

**တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တွင် တောင်ကိုရီးယား ဒီဇိုင်နာ လီဟီရွှန်၏ သတို့သမီးဝတ်စုံပြပွဲကို ဇွန် ၁၀ ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)




**အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့မြောက်ဘက် ဆာမာရာမြို့တွင် လမ်းဘေးဗုံးပေါက်ကွဲပြီးနောက် အပျက်အစီးများကို ဇွန်၁၁ ရက်က တွေ့ရစဉ်။**

(အဆိုပါဗုံးပေါက်ကွဲမှုကြောင့် ရဲတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးပြီး သုံးဦး ဒဏ်ရာ ရရှိသွားကြောင်း သိရသည်။)

**(ဓာတ်ပုံ-အင်တာနက်)**



# ဒိုင်နိုဆော ကျောက်ဖြစ်ရုပ်ကြွင်း တောင်အာဖရိက၌ တူးဖော်တွေ့ရှိ

လန်ဒန် ဇွန် ၁၄

**လွန်ခဲ့သည့် နှစ်သန်း ၂၁၀ခန့်က တောင်အာဖရိကနိုင်ငံ၌ ကျက်စားခဲ့သည့် ဒိုင်နိုဆောမျိုးစိတ်တစ်ခု၏ ကျောက်ဖြစ်ရုပ်ကြွင်း တစ်ခုကို ရှေးဟောင်းသုတေသန ပညာရှင်များက တူးဖော်တွေ့ရှိကြောင်း သိရသည်။**

အပင်စားသတ္တဝါ

**တောင်အာဖရိကနိုင်ငံ ဖရီးစတိတ်မှ တူးဖော်တွေ့ရှိသည့် ယင်းသတ္တဝါသည်သေးငယ်ပြီး ပေါ့ပါးသွက်လက်သော အပင်စားသတ္တဝါ ဖြစ်ပုံရသည်။ အရွယ်ပမာဏမှာ မြေခွေးထက် အနည်းငယ်သာပိုကြီးပြီး ခန္ဓာကိုယ်ဖွဲ့စည်းပုံအရ သွက်လက်စွာ သွားလာလှုပ်ရှားနိုင်ပုံရသည်။**

ပြောင်းလဲမှုဖြစ်စဉ်

**ယင်း ဒိုင်နိုဆောသတ္တဝါ ကျောက်ဖြစ်ရုပ်ကြွင်းကို တွေ့ရှိခြင်းကြောင့် အပင်ငယ်စားသောက်သည့် ဒိုင်နိုဆောသတ္တဝါတို့၏အစောပိုင်း တဖြည်းဖြည်း ပြောင်းလဲမှုဖြစ်စဉ်ကို မီးမောင်းထိုးပြလိုက်သကဲ့သို့ရှိကြောင်း ရှိုင်ရယ်ဆိုဆိုင်းယားတီး ဂျာနယ်တွင် ဖော်ပြထားသည်။** (အင်တာနက်)

15-6 (10) 1 6/14/07, 3:04 PM

❒ **ကျောဖုံးမှ**

မြေငလျင်စက် ကွန်ရက်တွေ၊ ဂြိုဟ်တုဆက်သွယ်ရေး ကွန်ရက်တွေကို ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်နေပါတယ်။ လက်ရှိ တိုင်းတာတွေ့ရှိချက်များအရကတော့ မြန်မာနိုင်ငံအတွင်းမှာ ကြီးမားတဲ့မြေငလျင် လှုပ်ရှားနိုင်ဖို့ မည်သည့် အထောက်အထားမှ တွေ့ရှိရခြင်းမရှိသေးပါဘူး”ဟု ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်က ဖြေကြားသည်။

မြန်မာနိုင်ငံတွင် ငလျင်တိုင်းတာခြင်း၊ ငလျင်တိုင်းစက် ကွန်ရက်ထူထောင်ခြင်း၊ ငလျင်သတင်းထုတ်ပြန်ခြင်းစသည်တို့ကို တရားဝင် ထုတ်ပြန်ပေးနေသည့် တစ်ခုတည်းသောအဖွဲ့အစည်းမှာ မြန်မာနိုင်ငံ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနတစ်ခုတည်းသာဖြစ်ကြောင်း၊ မြန်မာနိုင်ငံ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ တရားဝင်ထုတ်ပြန်မှသာ အတည်ယူရမည်သာဖြစ်ပါကြောင်း ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်က ဆက်လက်ရှင်းပြသည်။

## လူသုံးသိန်းခန့်သေဆုံးခဲ့

အင်ဒိုနီးရှားနိုင်ငံတွင် ၂၀၀၄ခုနှစ် ဒီဇင်ဘာ၂၆ရက်က အလွန်ပြင်းထန်သော ငလျင်လှုပ်မှုကြောင့် ဆူနာမီရေလှိုင်းများဖြစ်ပေါ်ကာ လူသုံးသိန်းခန့် သေဆုံးပြီးနောက်ပိုင်း မြန်မာနိုင်ငံ၌လည်း မြေငလျင်နှင့် ပတ်သက်သော ကောလာဟလသတင်းများ မကြာခဏဖြစ်ပေါ်ခဲ့သည်။ ထိုသို့ ငလျင်နှင့် ပတ်သက်သည့် သတင်းများ ထွက်ပေါ်လာလျှင်လည်း ဦးထွန်းလွင်က “ဒီလိုသတင်းတွေထွက်ပေါ်လာတိုင်း ဟုတ် မဟုတ် အတည်ပြုချက် ရယူနိုင်ပါတယ်။ ဒါကတော့ သက်ဆိုင်ရာ ဒေသနဲ့မြို့တိုင်းမှာ မိုးလေဝသနှင့်ဇလဗေဒရုံးတွေရှိပါတယ်၊ အဲဒီမှာစုံစမ်းမေးမြန်းနိုင်ပါတယ်၊ အဲဒီကရရှိတဲ့ သတင်းကိုသာ အတည်ပြုနိုင်ပါတယ်၊ ကောလာဟလတွေကို ပြည်သူတွေ အလွယ်တကူ လက်မခံကြဖို့လိုအပ်ပါတယ်”ဟုလည်း မြန်မာ့အလင်းသို့ ရှင်းပြသည်။

## သတင်းထုတ်ပြန်ပေးနေ

ထို့အပြင် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးလုပ်ငန်းများသည် စီမံချက်များနှင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရသော သဘာဝရှိသဖြင့် နိုင်ငံတော်က စီစဉ်ဆောင်ရွက်နေမှုများကို ပြည်သူများသိရှိစေရန် သတင်းများကို စဉ်ဆက်မပြတ် ထုတ်ပြန်ပေးလျက်ရှိကြောင်း ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်က မြန်မာ့အလင်းသို့ ရှင်းပြသည်။

## သတိပေးချက်

ထိုသို့သော ထူးခြားဖြစ်စဉ်များနှင့်ပတ်သက်၍ သက်ဆိုင်ရာ နီးစပ်ရာ မိုးလေဝသနှင့် ဇလဗေဒဌာနရုံးများသို့ ဆက်သွယ်မေးမြန်းခြင်းအားဖြင့် အတည်ပြုချက် ရယူနိုင်ကြောင်း၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ပြည်သူများ၏ အသက်အိုးအိမ်၊စည်းစိမ်တို့ကို ထိခိုက်စေနိုင်သော သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်ပြီး သတိပေးချက်များကို အချိန်နှင့်အမျှ အမြဲတမ်း ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်းဖြင့် ၎င်းက ဆက်လက်ပြောကြားသည်။



“မြန်မာနိုင်ငံမှာ အင်အားပြင်းထန်တဲ့ ငလျင်လှုပ်နိုင်မှု အထောက်အထား မတွေ့ရသေးပါဘူး”

**ဦးထွန်းလွင်**
**ညွှန်ကြားရေးမှူးချုပ်**
**မိုးလေဝသနှင့်**
**ဇလဗေဒညွှန်ကြားမှု**
**ဦးစီးဌာန**

## စံချိန်တင်

ထို့နောက် မြန်မာနိုင်ငံ၏ လက်ရှိရာသီဥတုအနေအထားနှင့် မိုးရာသီကာလအခြေအနေများအပေါ် ဆက်လက်မေးမြန်းရာတွင် ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်က “ကျွန်တော်တို့ကြိုတင်ခန့်မှန်းထားတဲ့အချိန်အတိုင်း အနောက်တောင်မုတ်သုံလေဝင်ရောက်ခဲ့ပါတယ်။ ဒီနှစ်ထူးခြားတာကတော့ ပြီးခဲ့တဲ့မေလမှာ မုန်တိုင်းနှစ်ကြိမ်ဝင်ရောက်ခဲ့ပါတယ်။ မေ ၄ရက်မှာ တစ်ကြိမ်နဲ့ မေ၁၃ရက်မှ ၁၅ရက်အထိတစ်ကြိမ် မုန်တိုင်းဝင်ရောက်ခဲ့တာပါ။ ကျွန်တော်တို့အနေနဲ့ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းတွေကို ၄၈နာရီကြိုတင် သတိပေးနိုင်ခဲ့ပါတယ်။ ဒီနှစ်မိုးရာသီအစကတော့ မိုးရွာသွန်းမှုက ပုံမှန်မဟုတ်ပါဘူး၊ နေရာကွက်ပြီး မိုးရွာသွန်းမှုများခဲ့တယ်။ မန္တလေး၊ ရခိုင်၊ ကချင်တို့မှာ စံချိန်တင်အောင် မိုးရွာသွန်းမှုဖြစ်ခဲ့ပါတယ်”ဟု ဖြေကြားခဲ့သည်။

## အချိန်မီ

ဆက်လက်၍ ယခုမိုးရာသီကာလတွင် မိုးရွာသွန်းမှုမှာ စံချိန်မီရွာသွန်းမည်ဖြစ်ကြောင်း မိုးနှောင်းနှင့်မိုးလွန်ကာလများတွင် မိုးကောင်းနိုင်ပြီး မုန်တိုင်းများလည်း ဖြစ်ပေါ်နိုင်ကြောင်း၊ ထို့ကြောင့်အချို့နေရာဒေသများတွင် ရေကြီးမှုများဖြစ်ပေါ်တတ်မှုကို ဂရုပြုကြရမှာဖြစ်ကြောင်း၊ မုန်တိုင်းမှာလည်း ယခုဇွန်လ၌ မဖြစ်ပေါ်နိုင်ပါကြောင်း၊ မုန်တိုင်းဖြစ်နိုင်သည့်လများမှာ စက်တင်ဘာ၊ အောက်တိုဘာနှင့်နိုဝင်ဘာလတို့၌ ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရပါကြောင်း ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်က မြန်မာ့အလင်းသို့ ရှင်းပြသည်။

## အမြဲတမ်း

ထို့ကြောင့် ပြည်သူများအနေဖြင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးသိရှိနိုင်ရန်အတွက် သတင်းများကို မြန်မာနိုင်ငံ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ အမြဲတမ်းထုတ်ပြန်ပေးသွားမည်ဖြစ်ပါကြောင်း တွေ့ဆုံမေးမြန်း ရေးသားဖော်ပြလိုက်ရပါသည်။ ॥ **(မြန်မာ့အလင်း)**

**အချိန်နှင့်တစ်ပြေးညီ သတင်းအချက်အလက်များ ပေးနိုင်သော ၂၀၀၇-၂၀၀၈ခုနှစ်အတွင်း အသစ်တပ်ဆင်မည့် မြေငလျင်တိုင်းစက်စခန်းများပြ မြေပုံ။**




**အချိန်နှင့်တစ်ပြေးညီ သတင်းအချက်အလက်များ ပေးနိုင်သော ၂၀၀၇-၂၀၀၈ခုနှစ် အတွင်း အသစ်တပ်ဆင်မည့် မြေငလျင်တိုင်းစခန်းများကို ဂြိုဟ်တုမှ တွေ့ရစဉ်။**




# The Live News ဂျာနယ် အမှတ်(၃၉)ထုတ်ဝေဖြန့်ချိ

**ရန်ကုန် ဇွန် ၁၄**

ရွှေပြည်စိုးစာပေတိုက်မှ အပတ်စဉ်ထုတ်ဝေဖြန့်ချိလျက်ရှိသည့် The Live News ဂျာနယ် အမှတ်(၃၉)ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်။

ကမ္ဘာ့ဝိပဿနာ စေတီတော်ကြီးသို့ မြန်မာနိုင်ငံမှ သိန်း၄၀၀ကျော်တန် နေပူခံစကျင်ကျောက်တုံးများ ပေးပို့လှူဒါန်း၊ ဂျပန်နိုင်ငံမှတင်သွင်းလာသော RBE Rail Bus ခြောက်စီးထပ်မံရောက်ရှိ၊ မြန်မာလူငယ်များအတွက် ဂျပန်နိုင်ငံတွင် အလုပ်အကိုင်ရရှိနိုင်မည့် အခွင့်အလမ်း၊ ရန်ကုန်နှင့် အဲကွန်းဘတ်စ်ကြီးများ ပြန်လည် ဆုံစည်းကြတော့မည်၊ မက္ခရာမင်းသားကြီး၏ စာကြည့်တိုက်၊ မြန်မာစာ မြန်မာစကား၊ လုပစ္စာလည်သောဝဠ်၊ ရန်ကုန်မြို့ကြီးက အဓိကလမ်းမကြီးတွေရဲ့ သမိုင်းကြောင်း (ကမ်းနားလမ်းမကြီး The Strand)၊တန်ဖိုးကြီးသည့်သစ်ငုတ်တို၊ ဘေဘဲလ်(BABEL)၊ မှိုင်းမှုန်မီးခိုးများကြားမှ အလင်းတန်းခပ်ရေးရေး (သို့မဟုတ်) ဂျီ-၈ ထိပ်သီးဆွေးနွေးပွဲ၊ PQ4 (သို့မဟုတ်) သမ္မတပူတင်၏ ကွင်းဖွင့်ရွှေ့ကွက်၊ စီအိုင်အေလျှို့ဝှက်အကျဉ်းစခန်းများ၌ ဖမ်းဆီးခံထားရသူများတွင် ခုနစ်နှစ်သား ကလေးငယ်ပါဝင်ဟုဆို၊ ကမ္ဘာ့မြို့တော်ကြီး ၁၆မြို့မှာ စတင်ဆောင်ရွက်တော့မယ့် ဖန်လုံအိမ် အာနိသင်လျှော့ချရေး အစီအစဉ်သစ်၊ တက္ကစီမင်းနှင့်သိတစ်ကျပ် မသိတစ်ဆယ်၊ ၂၀၀၇ခုနှစ် ဇွန် ၁၆ ရက်မှ ဇွန်၂၂ရက်အတွင်း မွေးဖွားသော မျိုးဆက်သစ်ကလေးငယ်များ၏ ဘဝတစ်သက်တာ ကံဇာတာ၊ ကိုရီးယားရုပ်ရှင်ကြိုတင်ဇာတ်လမ်းများစသည့် သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများကို ပါရဂူ၊ ဆင်ဖြူကျွန်းအောင်သိန်း၊ လယ်တွင်းသားစောချစ်၊ မြင်းမူမောင်နိုင်မိုး၊ နီမင်းဆွေ၊ ကိုကိုလှိုင်၊ မောင်မြတ်မွန်(ဆူးလေ)၊ အောင်ခြိမ့်မိုး၊ မောင်နေလင်း၊ ရဲဇော်(ဇီးကုန်း)နှင့် အမြို့မြို့အနယ်နယ်မှ စာရေးဆရာ၊ သတင်းစာဆရာများက ဝေဝေဆာဆာ တင်ဆက်ထားသည်။

## ဆက်သွယ်နိုင်

The Live News ဂျာနယ်သို့ စာမူပေးပို့လိုသူများ၊ ဖြန့်ချိရေးကိစ္စ ဆောင်ရွက်လိုသူများသည် အမှတ် ၃၁၀ ဝါးတန်းလမ်း မြေညီထပ် အခန်း(၀၀၄) လမ်းမတော်မြို့နယ် ဖုန်း- ၂၂၉၈၈၂၊ ၂၂၉၈၈၅တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အကြိုဟောပြောပွဲ အလက(၂)ဒဂုံ၌ကျင်းပ

**ရန်ကုန် ဇွန် ၁၄**

အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အကြိုဟောပြောပွဲအခမ်းအနားကို ဒဂုံမြို့နယ် အလက(၂) ကျောင်းခန်းမ၌ ယနေ့နံနက်ကကျင်းပရာ ဒဂုံမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် ဒဂုံမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်အုန်းမြင့် တက်ရောက်အားပေးပြီး အဖွင့်အမှာစကားပြောကြားသည်။

အဆိုပါအခမ်းအနားတွင် ဒဂုံမြို့နယ် ဆရာဝန်ကြီး ဒေါ်နေခြည်သွင်နှင်းက ဆေးလိပ် အန္တရာယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ် အကြောင်း သိကောင်းစရာများကို ရှင်းလင်းဟောပြောသည်။ ဆက်လက်၍ ကျောင်းအုပ်ဆရာမကြီးက ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**



**မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အကြိုဟောပြောပွဲကို ဒဂုံမြို့နယ် အလက(၂) ကျောင်းခန်းမ၌ကျင်းပရာ ဒဂုံမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် ဒဂုံမြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်အုန်းမြင့်က အဖွင့်အမှာစကားပြောကြားစဉ်။**

(မြန်မာ့အလင်း)

# စီးပွား/ကူးသန်းအသင်း ချန်ပီယံဆုကာကွယ်ရန် ပြင်ဆင် ဆောက်လုပ်ရေး၊ ပြည်ထဲရေး၊ Eleven တို့နှင့် ဆုံတွေ့

**ရန်ကုန် ဇွန် ၁၄**

ဇွန် ၁၆ ရက်**(မနက်ဖြန်)** ညနေ ၄ နာရီဆိုလျှင် အဆင့်မြင့်တန်း(မြန်မာလိဂ်)ကွင်းဖွင့်ဖလား ဘောလုံးပြိုင်ပွဲ စတင်ယှဉ်ပြိုင်ကစားကြတော့မည်ဖြစ်သည်။ ဂျပန်လက်ရွေးစင် ဘောလုံးသမားဟောင်း နာကာတာ၊ မြန်မာ့လက်ရွေးစင်ဟောင်းများနှင့်လူငယ်လက်ရွေးစင်များ၏ သရုပ်ပြခြေစမ်းပွဲ အပြီးတွင် တစ်ကျော့ပြန်နိုးကြားလာသော မြန်မာဘောလုံးပရိသတ်အတွက် ပွဲကြီးပွဲကောင်းများက စောင့်ကြိုနေပြီဖြစ်သည်။

**ဆွတ်ခူးရရှိ**

ဇွန် ၉ ရက်က ၂၀၀၇–၂၀၀၈ ခုနှစ် ဘောလုံးရာသီ မြန်မာလိဂ် ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ဘဏ္ဍာ/အခွန်အသင်းနှင့်စီးပွား/ကူးသန်းအသင်းတို့ယှဉ်ပြိုင်ကစားကြရာ စီးပွား/ကူးသန်းအသင်းက သုံးဂိုး–ဂိုးမရှိဖြင့်အနိုင်ရရှိပြီး ဆုဖလားနှင့်အတူ ငွေကျပ် ၁၀ သိန်း ဆွတ်ခူးရရှိသွားသည်။ မြန်မာလိဂ် ဖွင့်ပွဲအထိမ်းအမှတ်ပြိုင်ပွဲကို သုံးနှစ်ဆက်တိုက်ကျင်းပလာခဲ့ရာ ဘဏ္ဍာ/အခွန်အသင်းက နှစ်ကြိမ်၊ စီးပွား/ကူးသန်းအသင်းက တစ်ကြိမ် ဆုဖလားဆွတ်ခူးထားကြသည်။

အဆင့်မြင့်တန်း ဘောလုံးပြိုင်ပွဲ၌ ချန်ပီယံဆုများရယူပြီး နှစ်ပေါင်းများစွာ ပြိုင်ဘက်မရှိ မင်းမူလာခဲ့သော ဘဏ္ဍာ/အခွန်အသင်းသည် စီးပွား/ကူးသန်းအသင်းကို အဘက်ဘက်ကမယှဉ်နိုင်ဘဲ ခြေပြတ်၊ ဂိုးပြတ်ရှုံးနိမ့်ခဲ့ရခြင်းမှာ ဘောလုံးလောကသားတို့ သံဝေဂယူစရာပင်ဖြစ်သည်။

**လက်ရှိချန်ပီယံ**

စီးပွား/ကူးသန်းဘောလုံးအသင်းသည် အဆင့်မြင့်တန်း အမှတ်ပေးပြိုင်ပွဲချန်ပီယံဆုကို မဆွတ်ခူးနိုင်သေးသော်လည်း ယမန်နှစ် ကွင်းဖွင့်ဖလားပြိုင်ပွဲနှင့် ကွင်းပိတ်(ရှုံးထွက်)ပြိုင်ပွဲတို့၌ ဗိုလ်စွဲထားသည့် လက်ရှိချန်ပီယံအသင်းဖြစ်သည်။ မြန်မာလိဂ်ဖွင့်ပွဲ အထိမ်းအမှတ်ပြိုင်ပွဲ၌ စီးပွား/ကူးသန်းအသင်းက ဘဏ္ဍာ/အခွန်အသင်းကို ပြတ်ပြတ်သားသား အနိုင်ရရှိလိုက်ခြင်းသည် ယခုကွင်းဖွင့်ဖလားပြိုင်ပွဲကို ပို၍ အသက်ဝင်လှုပ်ရှားလာစေသည်က အမှန်ပင်ဖြစ်သည်။

၂၀၀၆–၂၀၀၇ ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်းပြိုင်ပွဲများ၌ စီးပွား/ကူးသန်းအသင်းသည် ပထမဆု နှစ်ဆုနှင့် တတိယဆု တစ်ဆုရရှိခဲ့သည်။ ကွင်းဖွင့်ဖလားပြိုင်ပွဲတွင် ဘဏ္ဍာ/အခွန်အသင်းကို သုံးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲပြီး ကွင်းပိတ် (ရှုံးထွက်)ပြိုင်ပွဲတွင် စွမ်းအင်အသင်းကို ငါးဂိုး–လေးဂိုး(ပယ်နယ်တီအဆုံးအဖြတ်)ဖြင့် အနိုင်ရဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ အမှတ်ပေးပြိုင်ပွဲတွင် ဘဏ္ဍာ/အခွန်အသင်းနှင့် ကမ္ဘောဇအသင်းတို့၏နောက်မှ တတိယနေရာ ရပ်တည်နိုင်ခဲ့သည်။

**စခန်းသွင်းလေ့ကျင့်**

ကွင်းဖွင့်ဖလားပြိုင်ပွဲ လက်ရှိချန်ပီယံ စီးပွား/ကူးသန်း ဘောလုံးအသင်းသည် ယခုပြိုင်ပွဲ၌လည်း ချန်ပီယံဆုကာကွယ်ရေးအတွက် အထူးပြင်ဆင်လေ့ကျင့်လျက်ရှိသည်။ ၂၀၀၇ ခုနှစ် မေ ပထမပတ်မှစတင်၍ လှိုင်သာယာမြို့နယ်ရှိ စီးပွား/ကူးသန်း ဘောလုံးလေ့ကျင့်ရေးစခန်း၌ စခန်းသွင်းလေ့ကျင့်မှုများ ပြုလုပ်ခဲ့သည်။

နောင်လာမည့် နှစ်နှစ်သုံးနှစ်အတွင်း အသင်းမှ အသက်အရွယ်အရ အနားယူကြတော့မည့် ဘောလုံးသမားများ၏ နေရာတွင် အစားထိုးနိုင်ရေးနှင့် ဘောလုံးသမားခါးဆက်မပြတ်ရေးအတွက် လူငယ်သွေးသစ်ဘောလုံးသမား ၁၀ ဦးကို ပူးတွဲလေ့ကျင့်ပေးလျက်ရှိကြောင်း သိရသည်။

**အကောင်းဆုံးအနေအထား**

စီးပွား/ကူးသန်းအသင်းသည် အုပ်စု(က)၌ ဆောက်လုပ်ရေး၊ ပြည်ထဲရေး၊ Royal Eleven အသင်းတို့နှင့်အတူ ပါဝင်လျက်ရှိရာ အုပ်စုချောင်သည့် အနေအထားဖြစ်သည်။ ယမန်နှစ် အမှတ်ပေးပြိုင်ပွဲတွင် ဆောက်လုပ်ရေးနှင့် ဂိုးမရှိသရေ၊ ပြည်ထဲရေးနှင့် တစ်ဂိုးစီသရေကျခဲ့သော်လည်း လက်ရှိ စီးပွား/ကူးသန်းအသင်း၏ ခြေစွမ်းမှာ အကောင်းဆုံးအနေအထား ဖြစ်နေသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဘောလုံးဆပ်ကော်မတီ အတွင်းရေးမှူး မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ဒုတိယအထွေထွေမန်နေဂျာ ဦးစန်းထွန်းက **"ကျွန်တော်တို့အသင်းပါဝင်တဲ့ အုပ်စုအနေအထားအရ အုပ်စုတက်ဖို့ စိုးရိမ်စရာမရှိပါဘူး၊ ကျွန်တော်တို့က အနိုင်ရဗိုလ်စွဲဖို့အထိ ရည်မှန်းချက်ထား ပြင်ဆင်ထားတာဆိုတော့ အုပ်စုအဆင့်ကို ပထမနေရာရအောင်ကစားမှာပါ၊ ဘဏ္ဍာ/အခွန်အသင်းနဲ့ ရှုံးထွက်အဆင့် ဘယ်အဆင့်မှာပဲတွေ့တွေ့ စိုးရိမ်စရာမရှိပါဘူး၊ ကျွန်တော့်အသင်းရဲ့ လက်ရှိကစားသမားပါဝင်မှုနဲ့ ကစားအားအရ အသင်းတိုင်းကို အနိုင်ရမယ်လို့ယုံကြည်ပါတယ်။ ရှုံးထွက်အဆင့်မှာ ပြိုက်ဘက်ကောင်းတွေနဲ့ တွေ့ရရင် ပရိသတ်တွေအတွက် ပွဲကောင်းဖြစ်လာမှာပါ"** ဟု ပွဲကြိုစကားပြောကြားခဲ့သည်။

**တာဝန်ယူဆောင်ရွက်**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဘောလုံးဆပ်ကော်မတီ နာယကအဖြစ် မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ထူး၊ ဥက္ကဋ္ဌအဖြစ် ဦးနီပေါ(အင်ဂျင်နီယာချုပ်)၊ အတွင်းရေးမှူးအဖြစ် ဦးစန်းထွန်း (ဒုတိယအထွေထွေမန်နေဂျာ)၊ တွဲဖက်အတွင်းရေးမှူးအဖြစ် ဦးမြင့်သိန်း (လက်ထောက်မန်နေဂျာ)၊ အဖွဲ့ဝင်များအဖြစ် ဦးဘသန်း (တိုင်းမန်နေဂျာ)နှင့် ဦးခင်ဇော်(စက်ရုံမှူး၊ ဝ၂–ဆန်စက်) တို့က တာဝန်ယူဆောင်ရွက်ကြသည်။

စီးပွား/ကူးသန်း ဘောလုံးအသင်း အုပ်ချုပ်သူအဖြစ် ဦးမြင့်သိန်း(တွဲဖက်အတွင်းရေးမှူး)၊ နည်းပြချုပ်အဖြစ် ဦးဉာဏ်ဝင်း၊ နည်းပြအဖြစ် ဦးအောင်နိုင်၊ လက်ထောက်နည်းပြအဖြစ် ဦးစိုးမိုးနှင့် ဦးတင်လှိုင်တို့က တာဝန်ယူဆောင်ရွက်ကြသည်။

**ပါဝင်ကြ**

အားကစားသမားများအဖြစ် **(ဂိုး)** ဇော်မိုးထက်၊ သီဟစည်သူ၊ တင်ယု၊ **(နောက်တန်း)** မင်းသူ၊ ဇော်လင်းထွန်း၊ မိုးဝင်း၊ ကျော်ကျော်ထွန်း၊ ကျော်ဇေယျ၊ မျိုးဇော်ထွန်း၊ ချမ်းချမ်း၊ မန်းကျော်ထူး၊ ဇော်ခါး၊ ဇော်ဇော်အောင်၊ **(အလယ်တန်း)** မျိုးမင်းထွန်း၊ ဝင်းသိန်းဦး၊ အောင်မျိုးသန့်၊ ရာဇာဝင်းသိန်း၊ တင်မင်းထွန်း၊ မင်းကိုကို၊ ကျော်ဇင်ဝင်း၊ ဘိုဘိုအောင်၊ **(ရှေ့တန်း)** မျိုးလှိုင်ဦး၊ စထက်နိုင်ဝင်း၊ ဟိန်းဇာထွန်း၊ ဘီဂျိမ်းထွေးတို့ ပါဝင်ကြသည်။

စီးပွား/ကူးသန်းအသင်းမှ အားကစားသမား ခြောက်ဦးသည် ဘရာဇီးလူမျိုး နည်းပြ မားကို့စ်အန်တိုနီယိုတာဝန်ယူကိုင်တွယ်သည့် ပဏာမမြန်မာ့လက်ရွေးစင် ဘောလုံးအသင်းတွင် ပါဝင်လျက်ရှိသည်။ ပဏာမမြန်မာ့လက်ရွေးစင် ဘောလုံးအသင်း၌ ရွေးချယ်ခံထားရသူများမှာ မင်းသူ၊ ဇော်လင်းထွန်း၊ မိုးဝင်း၊ ရာဇာဝင်းသိန်း၊ မျိုးမင်းထွန်းနှင့် အောင်မျိုးသန့်တို့ ဖြစ်ကြသည်။

**ယှဉ်ပြိုင်ကစားရမည်**

စီးပွား/ကူးသန်း ဘောလုံးအသင်းသည် ကွင်းဖွင့်ဖလား ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် ဇွန် ၁၆ ရက်တွင် ဆောက်လုပ်ရေးအသင်းနှင့်လည်းကောင်း၊ ဇွန် ၂၀ ရက်တွင် ပြည်ထဲရေးအသင်းနှင့်လည်းကောင်း၊ ဇွန် ၂၃ ရက်တွင် Royal Eleven အသင်းနှင့်လည်းကောင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သတင်းစကား ရေးသားလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

**သတင်းဆောင်းပါး – ကိုဇွေး**



**စီးပွား/ကူးသန်း ဘောလုံးအသင်းမှအုပ်ချုပ်သူ၊ နည်းပြနှင့်အားကစားသမားများအား အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဤသို့ တွေ့ရသည်။** (ဓာတ်ပုံ–မြန်မာ့အလင်း)





# မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ ဆေးတက္ကသိုလ်(၁)ရန်ကုန် ကျောင်းသား ကျောင်းသူများလေ့လာ

**ရန်ကုန် ဇွန် ၁၄**

ဆေးတက္ကသိုလ်(၁) ရန်ကုန် နောက်ဆုံးနှစ် အပိုင်း(က) ကျောင်းသားကျောင်းသူ ၁၀၇ ဦးသည် ဆေးတက္ကသိုလ်(၁)ရန်ကုန် ကာကွယ်ရေးနှင့် လူမှုရေးဆေးပညာဌာနမှ ဆရာ ဆရာမ ငါးဦး ဦးဆောင်လျက် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အစည်းအဝေးခန်းမသို့ ယနေ့နံနက် ၉ နာရီတွင် ရောက်ရှိကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွင်းရေးမှူး ဒေါက်တာ ဒေါ်ဝေဝေသော **(အပေါ်ပုံ)**က အသင်းဖွဲ့စည်းပုံအဆင့်ဆင့်နှင့် အသင်း၏ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးစောင့်ရှောက်မှုလုပ်ငန်းများကို အသေးစိတ် ရှင်းလင်းပြောကြားပြီး အမှုဆောင် ညွှန်ကြားရေးမှူးက ထောင်စုနှစ်ရည်မှန်းချက်များနှင့် အသင်း၏ လုပ်ငန်းစဉ်များဆက်စပ်ပုံတို့ကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ လေ့လာရေးအဖွဲ့ဝင် ဆေးတက္ကသိုလ်(၁) အပိုင်း(က) ကျောင်းသား ကျောင်းသူများသည် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဝင်းအတွင်းရှိ ရောဂါရှာဖွေရေးဆေးခန်းနှင့် ကလေးသူငယ် ဘက်စုံဖွံ့ဖြိုးရေးဌာန မူကြိုကျောင်းများသို့ လှည့်လည် ကြည့်ရှုလေ့လာကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဘေရွတ်မြို့၌ဗုံးပေါက်ကွဲ၊ ရှစ်ဦးသေဆုံး

**အင်တာနက် ဖောင်ပိတ်သတင်း**

**ဘေရွတ် ဇွန် ၁၄**

လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့ရှိ စားသောက်ဆိုင်တစ်ဆိုင်အနီး၌ ဇွန် ၁၃ ရက်က ဗုံးခွဲတိုက်ခိုက်မှုတစ်ရပ်ဖြစ်ပွားရာ လက်ဘနွန်နိုင်ငံသား ခုနစ်ဦးနှင့်အတူ ဆီးရီးယားပါလီမန်ဆန့်ကျင်ရေးသမား ဝါလီအီဒိုသည် ပွဲချင်းပြီး သေဆုံးသွားကြောင်း လုံခြုံရေးသတင်းရပ်ကွက်များက ပြောကြားသည်။

**ပျက်စီး**

ယင်းဗုံးခွဲတိုက်ခိုက်မှုတွင် အခြားကိုးဦးလည်း ဒဏ်ရာရရှိသွားကြောင်း၊ ၎င်းဗုံးပေါက်ကွဲမှုကြောင့် အနီးအနားရှိ ကားများ၊ အဆောက်အအုံများ ဆိုးရွားစွာပျက်စီးသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ **(အောက်ပုံ)**

အဆိုပါဗုံးပေါက်ကွဲမှုသည် ယင်းဒေသ၌ လွန်ခဲ့သော လေးပတ်အတွင်း ခြောက်ကြိမ်မြောက် ဗုံးပေါက်ကွဲခြင်းဖြစ်ကြောင်း၊ ယခင် ငါးကြိမ်ပေါက်ကွဲခဲ့ရာတွင် လူနှစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။



**မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး**

# ငါးကြီးဆီတွင် ကင်ဆာဖြစ်စေနိုင်သောဓာတ်များ တွေ့ရှိ

ငါးကြီးဆီများတွင် ကင်ဆာဖြစ်စေတတ်သော ဓာတုပစ္စည်းများ ပါရှိကြောင်း တွေ့ရှိရသည်ဟု ဟော်လန် သုတေသနပညာရှင်များက သတိပေးလိုက်သည်။

**မြင့်မားစွာ**

ကုန်ပဒေသာဆိုင်ကြီးများတွင် ရောင်းချနေသော ငါးကြီးဆီများတွင် ဒိုင်အောက်ဇင်ဓာတ်နှင့် အခြားဓာတ်ပစ္စည်းမျိုးကွဲများ၏ အနေအထားမှာ မြင့်မားစွာပါရှိနေကြောင်း တွေ့ရှိရသည်ဟု ဆိုသည်။

လူများအနေဖြင့် ငါးကြီးဆီကို နေ့စဉ်သုံးစွဲမှုများပြုလုပ်နေကြရာ အာဟာရဓာတ်ကြောင့် သုံးစွဲရမှုမှ ကင်ဆာဖြစ်ပွားစေနိုင်မှုနှင့် ဆက်စပ်နေသည်ဟု ၎င်းတို့က ပြောကြားသည်။

**ဆန်းစစ်နေ**

သို့သော်လည်း အဆိုပါငါးကြီးဆီများကို အချိန်ကြာမြင့်စွာ အပူပေးပါက ဒိုင်အောက်ဇင်ဓာတ်များ ပျက်စီးသွားမှုရှိ မရှိကို သေချာစွာဆန်းစစ်လျက်ရှိကြောင်း၊ ထိုသို့ပြုလုပ်ပါက ကျန်းမာရေးအတွက် အထောက်အကူပြုခြင်းရှိ မရှိကိုလည်း သုတေသနပြုလျက်ရှိကြောင်း သိရသည်။

# မန်ယူကခေါ်ယူရန်ကြိုးစားနေသော တိုက်စစ်မှူး တောရက်စ်

**ဖာနန်ဒို တောရက်စ်**

**ကိုးကားတင်ပြသူ မောင်မောင်မြင့်ဆွေ**

လန်ဒန် ဇွန် ၁၄

၂၀၀၆-၂၀၀၇ ပရီမီယာလိဂ်ရာသီအကုန် အပြောင်းအရွှေ့ကာလ စတင်ကတည်းက လက်သွက်ခြေသွက်လှုပ်ရှားနေသော ပရီမီယာလိဂ်ချန်ပီယံ မန်ယူတို့ အကောင်းဆုံးလူငယ်ကစားသမားသုံးဦးကို ခေါ်ယူနိုင်ခဲ့ပြီဖြစ်သည်။

**လုံလောက်**

ထိုကစားသမားလူငယ်များမှာ ကွင်းလယ်အခြေပြု ဘောလုံးသမားများဖြစ်ပြီး မန်ယူနည်းပြဖာဂူဆန်၏ ကွင်းလယ်အားနည်းမှု ဖြေရှင်းချက်က လုံလောက်ခဲ့ပြီဖြစ်သည်။

**နီးစပ်**

သို့သော်တိုက်စစ်အတွက် ဒေါင်ဒေါင်မြည်အမာခံ တိုက်စစ်မှူးတစ်ဦးလိုအပ်နေရာ မန်ယူကင်းထောက်များက အပြင်းအထန်ရှာဖွေမှုများ ပြုလုပ်လျက်ရှိရာ လောလောဆယ်တွင် မန်ယူသို့ရောက်ရှိရန် အနီးစပ်ဆုံး တိုက်စစ်မှူးမှာ စပိန်ကလပ် အက်သလက်တီကိုမက်ဒရစ်မှ တိုက်စစ်မှူးဖာနန်ဒိုတောရက်စ်ပင် ဖြစ်သည်။

**စွမ်းအားရှင်**

ဖာနန်ဒိုတောရက်စ်သည် အက်သလက်တီကိုမက်ဒရစ်အသင်းတွင် ယခုနှစ်၌ ခြေစွမ်းပြ ဂိုးများသွင်းယူနိုင်နေသူဖြစ်ပြီး အက်သလက်တီကိုမက်ဒရစ်အသင်း၌ အဓိကစွမ်းအားရှင် တိုက်စစ်မှူးတစ်ဦးလည်းဖြစ်သည်။

**ပေါ်လွင်**

ယခုနှစ်ဘောလုံးရာသီ၌ အက်သလက်တီကိုမက်ဒရစ်တို့ လာလီဂါတန်းစီဇယားတွင် သတ္တမအဆင့်၌ရပ်တည်နိုင်အောင် စွမ်းဆောင်ပေးရာတွင် အဓိကကျသည့် ကစားသမားတစ်ဦးလည်း ဖြစ်သည်။ အက်သလက်တီကိုမက်ဒရစ်အသင်းသည် ယခုနှစ်၌ လာလီဂါပွဲစဉ် ၃၇ပွဲကစားပြီးချိန်၌ ၁၆ပွဲနိုင်၊ ၁၂ပွဲသရေနှင့် ကိုးပွဲရှုံးရလဒ်များရရှိအောင် ကြိုးစားပေးထားရာတွင် ဖာနန်ဒိုတောရက်စ်၏ ကြိုးစားစွမ်းဆောင်မှုက ပေါ်လွင်လျက်ရှိသည်။

**သုံးစွဲမည်**

ယခုအခါ မန်ယူအသင်းအနေဖြင့် အပူတပြင်းလိုအပ်နေသော တိုက်စစ်မှူးတစ်ဦးအတွက် မန်ယူဘုတ်အဖွဲ့လူကြီးများက ဖာနန်ဒိုတောရက်စ်ကို သဘောကျလျက်ရှိရာ ပြောင်းရွှေ့ကြေးပေါင် သန်း ၂၀ကျော် သုံးစွဲမည်ဟု တရားဝင်သတင်းထုတ်ပြန်ထားသည်။




**မန်ယူအသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာဖွယ်ရှိသည့် စပိန်တိုက်စစ်မှူးနှင့် အက်သလက်တီကို မက်ဒရစ် တိုက်စစ်မှူး ဖာနန်ဒိုတောရက်စ်။**
(ဓာတ်ပုံ-အင်တာနက်)

**ထွက်ပေါ်**

ယခုနှစ် ဘောလုံးရာသီအကုန်တွင် အက်သလက်တီကိုအသင်းမှ ထွက်ခွာတော့မည်ဟု ဖာနန်ဒိုတောရက်စ်က အသင်းဘုတ်အဖွဲ့ထံ တရားဝင်တင်ပြထားပြီးဖြစ်သည့်အပြင် မိမိအနေဖြင့် အက်သလက်တီကိုအသင်းမှ ထွက်ခွာလျှင် မည်သည့်အသင်းသို့ ပြောင်းရွှေကစားမည်ဆိုသည်ကို တရားဝင်ထုတ်ဖော်မပြောကြားသဖြင့် ဖာနန်ဒိုတောရက်စ်၏ပြောင်းရွှေ့မှုသည် မန်ယူအသင်းသို့ ရောက်တော့မည်ဟု သတင်းများထွက်ပေါ်လာသည်။

## ကမ္ဘာတစ်လွှား အားကစား

**စိတ်ဝင်စား**

ဖာနန်ဒိုတောရက်စ်ကလည်း မိမိအနေဖြင့် အက်သလက်တီကိုမက်ဒရစ်မှ ထွက်ခွာလျှင် စပိန်ကလပ်အသင်း တစ်သင်းသင်း၌ ပါဝင်ကစားတော့မည် မဟုတ်ကြောင်း၊ နိုင်ငံပြောင်းရွှေ့ကစားမည်ဖြစ်ကြောင်း ပြောကြားခဲ့သဖြင့် မန်ယူ ပရိသတ်များကလည်း ဖာနန်ဒိုတောရက်စ် ပြောင်းရွှေ့လာမှုအပေါ် စိတ်ဝင်စားမှုများ ဖြစ်ပေါ်လျက်ရှိသည်။

**ကန့်သတ်မထား**

မန်ယူကလပ်ပိုင်ရှင် ဂလေဇာမိသားစုအနေဖြင့် မန်ယူအတွက်လိုအပ်နေသော တိုက်စစ်မှူးအားငွေကြေး သုံးရန်ကန့်သတ်မထားပါဟုဆိုနေရာ ဖာဂူဆန်စိတ်တိုင်းကျ တိုက်စစ်မှူးတစ်ဦးကို ခေါ်ယူနိုင်မည့်ငွေကြေး သုံးစွဲနိုင်မည်ဖြစ်သည်။

**စိတ်တိုင်းကျ**

ဖာဂူဆန်အနေဖြင့် ခေါ်ယူချင်သော တိုက်စစ်မှူး ၁၀ဦးခန့်ရှိနေရာ ၎င်းတို့အနက်မှ အကောင်းဆုံး တိုက်စစ်မှူးတစ်ဦးကို စိတ်တိုင်းကျရွေးချယ် ခေါ်ယူသွားမည် ဖြစ်သည်။ ယခု အက်သလက်တီကိုမက်ဒရစ်မှ တိုက်စစ်မှူး တောရက်စ်မှာ အသက် ၂၃နှစ်အရွယ်သာရှိသေးသော စပိန်တိုက်စစ်မှူးတစ်ဦးလည်း ဖြစ်သည်။

**သွင်းယူ**

ဖာနန်ဒိုတောရက်စ်သည် အက်သလက်တီကိုမက်ဒရစ်အတွက် ၂၀၀၂-၂၀၀၃ ဘောလုံးရာသီ၌ ၁၃ဂိုး၊ ၂၀၀၃-၂၀၀၄ဘောလုံးရာသီ၌ ၁၉ဂိုး၊ ၂၀၀၄-၂၀၀၅ ဘောလုံးရာသီတွင် ၁၆ဂိုး၊ ၂၀၀၅-၂၀၀၆ဘောလုံးရာသီ၌ ၁၃ဂိုးနှင့် ၂၀၀၆-၂၀၀၇ ဘောလုံးရာသီတွင် လာလီဂါ၌ ၁၄ဂိုးသွင်းယူပေးထားနိုင်သူ ဖြစ်သည်။

**စောင့်ကြည့်ရမည်**

ထို့အတူ တောရက်စ်သည် စပိန်အသင်းတိုက်စစ်မှူးလည်းဖြစ်ရာ ယူရို ၂၀၀၈ ခြေစစ်ပွဲအဖြစ် ဆန်မာရီနိုနှင့် ကစားသောပွဲတွင် တောရက်စ်တစ်ဦးတည်း သုံးဂိုးသွင်းယူနိုင်ခဲ့သည်။ ထိုသို့ ဂိုးသွင်းခြေစွမ်းထက်မြက်သော လူငယ်တိုက်စစ်မှူး ဖာနန်ဒိုတောရက်စ်ကို မန်ယူတို့အရခေါ်ယူနိုင်မှုရှိမရှိကိုမူ စောင့်ကြည့်ရမည် ဖြစ်ပါကြောင်း။ ။

**(ကိုးကား-အင်တာနက်)**

# ဖီဖာ၏ ကမ္ဘာ့အဆင့်သတ်မှတ်ချက် အီတလီအသင်း ထိပ်ဆုံး၌ ရှိနေဆဲဖြစ်



**၂၀၀၆ ကမ္ဘာ့ဖလားတွင် အောင်ပွဲခံနေသော အီတလီအသင်း။**
(ဓာတ်ပုံ-အင်တာနက်)

**ရေးသားသူ မြင့်မောင်စိုး**

ဇူးရစ် ဇွန် ၁၄

ယူရို ၂၀၀၈ ခြေစစ်ပွဲများ မကြာသေးမီက ယှဉ်ပြိုင်ကစားခဲ့ကြပြီးနောက် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် ဖီဖာက နိုင်ငံအလိုက် လက်ရွေးစင်အသင်းများ၏ ကမ္ဘာ့အဆင့် ရပ်တည်မှုကို ထုတ်ပြန်ကြေညာလိုက်ရာ ပြင်သစ်အသင်းသည် အီတလီနောက်မှ ဒုတိယနေရာသို့ ခုန်တက်လာသည်။

**ရယူထား**

ကမ္ဘာ့ဖလား ဗိုလ်လုပွဲရောက် အီတလီအသင်းနှင့် ပြင်သစ်အသင်းတို့သည် နံပါတ် (၁)နှင့် (၂)နေရာကို ရယူထားပြီး ဘရာဇီးနှင့် အာဂျင်တီးနားတို့သည် အဆင့်ကျဆင်းသွားခဲ့သည်။

ဖီဖာ၏ ကမ္ဘာ့အဆင့်သတ်မှတ်ချက် ထိပ်သီး ၁၀သင်းကို အောက်ပါအတိုင်း ဖော်ပြလိုက်ပါသည်-

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၁။ | အီတလီ | (၁) | ၁၆၅၃ မှတ် | ၆။ | ပေါ်တူဂီ | (၇) | ၁၃၂၃ မှတ် |
| ၂။ | ပြင်သစ် | (၄) | ၁၅၈၅ မှတ် | ၇။ | စပိန် | (၉) | ၁၂၇၃ မှတ် |
| ၃။ | ဘရာဇီး | (၂) | ၁၄၈၄ မှတ် | ၈။ | အင်္ဂလန် | (၈) | ၁၂၄၀ မှတ် |
| ၄။ | ဂျာမနီ | (၅) | ၁၄၆၇ မှတ် | ၉။ | နယ်သာလန် | (၆) | ၁၂၂၀ မှတ် |
| ၅။ | အာဂျင်တီးနား | (၃) | ၁၃၇၃ မှတ် | ၁၀။ | ချက် | (၁၀) | ၁၀၉၆ မှတ် |

* **မှတ်ချက်**- ကွင်းထဲ၌ဖော်ပြထားသောဂဏန်းမှာ ယခင်အဆင့် သတ်မှတ်ချက်ဖြစ်သည်။ **(အင်တာနက်)**



အင်တာမီလန်က အလိုရှိနေသော ဝက်စ်ဟမ်းတိုက်စစ်မှူး ကားလို့စ်တီဗက်ဇ်။
**(ဓာတ်ပုံ-အင်တာနက်)**

# ကားလို့စ်တီဗက်ဇ်အား အင်တာမီလန် ခေါ်ယူရန်ကြိုးစားနေ

မီလန် ဇွန် ၁၄

**ဝက်စ်ဟမ်းရောက် အာဂျင်တီးနားတိုက်စစ်မှူး ကားလို့စ်တီဗက်ဇ်အား အင်တာမီလန်အသင်းက ခေါ်ယူရန်ကြိုးစားနေကြောင်း အင်တာမီလန်အသင်းပိုင်ရှင် မိုရက်တီက ဝန်ခံပြောကြားသည်။**

စိတ်ဝင်စား

**ကားလို့စ်တီဗက်ဇ်နှင့် ပက်သက်ပြီး ယင်းအသင်းပိုင်ရှင်အား မေးမြန်းရာတွင် တီဗက်ဇ်အား စိတ်ဝင်စားနေသည်မှာ မှန်ကန်ကြောင်း၊ မိမိတို့အသင်းအနေဖြင့် တီဗက်ဇ်သည် အကြိုက်ဆုံးကစားသမားများထဲမှ တစ်ဦးအပါအဝင်ဖြစ်ကြောင်း ပြောကြားသည်။**

ရောက်ရှိ

**အသက် ၂၃နှစ်ရှိ အဆိုပါတိုက်စစ်မှူးသည် ဗင်နီဇွဲလား၌ ယခုလတွင်ကျင်းပမည့် ကိုပါအမေရိကဖလားအတွက် ပြင်ဆင်လျက်ရှိသည်။ ၎င်းသည် ပြီးခဲ့သော ဘောလုံးရာသီအစတွင် ကစားဖော် မာရှေယာနိုနှင့်အတူ ဝက်စ်ဟမ်းအသင်းသို့ ရောက်ရှိလာကြသည်။**

ဒဏ်ရိုက်

**ဝက်စ်ဟမ်းအသင်းသည် ကားလို့စ်တီဗက်ဇ်အား ခေါ်ယူ စာချုပ်ရန်အတွက် ပရီမီယာလိဂ်စည်းကမ်းကို ဖောက်ဖျက်၍ စာချုပ်ခဲ့ခြင်းကြောင့် ပေါင် ၅ဒသမ၅သန်း ဒဏ်ရိုက်ခံရသည်။** (အင်တာနက်)

# ကွန်ကာကပ်ဖ် ဖလားပြိုင်ပွဲ ဂွာတီမာလာ ကွာတားဖိုင်နယ်တက်လာ

ဘော့စတွန် ဇွန် ၁၄

ကွန်ကာကပ်ဖ် ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ဇွန် ၁၂ရက်က ယှဉ်ပြိုင်ကစားအပြီး အုပ်စု(ခ)မှ ဂွာတီမာလာအသင်းသည် ထရီနီဒက်၊ တိုဘာဂိုအသင်းနှင့် တစ်ဖက်တစ်ဂိုးစီသရေကျပြီး ကွာတားဖိုင်နယ်ပွဲသို့ တက်ရောက်နိုင်ခဲ့သည်။

**အုပ်စုပထမ**

ယင်းအုပ်စုမှ အမေရိကန်အသင်းသည်လည်း အယ်လ်ဆာဗေဒိုအသင်းကို လေးဂိုး-ဂိုးမရှိ ကစားအပြီး ရမှတ်ကိုးမှတ်ဖြင့် အုပ်စုပထမနေရာရခဲ့သည်။ ဂွာတီမာလာက ရမှတ်လေးမှတ်ဖြင့် အုပ်စုဒုတိယနေရာ ရခဲ့သည်။

**အနိုင်ရ**

အုပ်စု(င)မှ ကျူးဘားအသင်းနှင့် ဟွန်ဒူးရပ်စ်အသင်းတို့ ယှဉ်ပြိုင် ကစားခဲ့ကြရာ ဟွန်ဒူးရပ်စ်က ငါးဂိုး-ဂိုးမရှိဖြင့် နိုင်ခဲ့သည်။

အလားတူ ယင်းအုပ်စုမှ မက္ကဆီကိုအသင်းသည် ပနားမားအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ခဲ့သည်။ **(အင်တာနက်)**



**ဂွာတီမာလာတိုက်စစ်မှူး ဂျို့စ်ကွန်ထရီရက်(ဝဲ)၏ ထိုးဖောက်ကစားမှုကို ဥာဏ်ဖြင့်သို့တွေ့ရသည်။** (ဓာတ်ပုံ-အင်တာနက်)





## လက်တွန်းထွန်စက်များ ရောင်းချအပ်နှံပွဲကျင်းပ

စစ်ကိုင်း ဇွန် ၃

စစ်ကိုင်းမြို့နယ် စက်မှုလယ်ယာ ဦးစီးဌာနမှ တောင်သူဦးကြီးများအား လယ်ယာ(၂၂) လက်တွန်းထွန်စက်ရောင်းချအပ်နှံပွဲ အခမ်းအနားကို မေ ၂၅ ရက် နံနက် ၁၁နာရီက အမှတ်(၅) ထွန်စက်စခန်းတွင် ကျင်းပသည်။

အခမ်းအနားသို့ စစ်ကိုင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးတင်မောင်အုန်းနှင့်အဖွဲ့ဝင်များ၊ ခရိုင်စက်မှုလယ်ယာ ဦးစီးဌာနဦးစီးမှူး ဦးချစ်သန်းနှင့်ဝန်ထမ်းများ၊ မြို့နယ်စက်မှုလယ်ယာ ဦးစီးမှူး ဦးကျော်စိုးနိုင်နှင့် ဝန်ထမ်းများ၊ မြန်မာ့စိုက်ပျိုးရေးဘဏ်မန်နေဂျာနှင့် ဝန်ထမ်းများ၊ တောင်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်စက်မှုလယ်ယာဦးစီးမှူး ဦးကျော်စိုးနိုင်က မြန်မာ့စီးပွားရေးဘဏ်သို့ လယ်ယာ(၂၂) လက်တွန်းထွန်စက်များနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ပေးအပ်သည်။

အဆိုပါ လယ်ယာ(၂၂)လက်တွန်းထွန်စက်များကို မြန်မာ့စိုက်ပျိုးရေးဘဏ်မှ ချေးငွေစနစ်ဖြင့် ကျေးရွာတောင်သူများကို ရောင်းချအပ်နှံ ပေးခဲ့ကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

# နွေစပါးစိုက်ခင်းများနှင့် ကျုံးပတ်လည် စိမ်းလန်းစိုပြည်ရေးဆောင်ရွက် စိုက်ပျိုးရေရရှိရေးနှင့် မိုးစပါးဆက်လက်စိုက်ပျိုးရန်စီမံ

မန္တလေး ဇွန် ၇

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်သည် အတွင်းရေးမှူးဦးမောင်ပု၊ ကော်မတီဝင်ဦးမြင့်သိန်း၊ ဦးကျော်ဝင်းနှင့် ဌာနမှူးများလိုက်ပါလျက် ဇွန် ၂ရက် နံနက် ၁၁နာရီက ပုသိမ်ကြီးမြို့နယ် ကျွဲရေကုန်းကျေးရွာအုပ်စုနှင့် မဲကင်းကုန်းကျေးရွာအုပ်စု ကွင်းအမှတ်(၄၉၅)၌ စိုက်ပျိုးထားသော မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ စိုက်ပျိုးရေးနှင့်မွေးမြူရေးဌာန နွေစပါးစိုက်ခင်းများနှင့် မန္တလေးကျုံးပတ်လည် တစ်လျှောက် စိမ်းလန်းစိုပြည် သာယာလှပရေးဆောင်ရွက်နေမှုလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။**(အပေါ်ပုံ)

## စိုက်ပျိုးရေရရှိရေး

ရှေးဦးစွာ မြို့တော်ဝန်နှင့် အဖွဲ့သည် ပုသိမ်ကြီးမြို့နယ် ကျွဲရေကုန်းကျေးရွာအုပ်စု မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန နွေစပါးစိုက်ခင်းသို့ ရောက်ရှိလာရာ ကော်မတီဝင်ဦးမြင့်သိန်းနှင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးဌာန ဌာနမှူး ဦးခင်မောင်ဆွေတို့က ကွင်းအမှတ်(၄၉၅) နွေစပါးစိုက်ကွင်းများတွင် ရွှေသွယ်ရင် နွေစပါးဧက ၁၀၀ စိုက်ပျိုးထားရှိမှု၊ စိုက်ပျိုးရေရရှိရေးအတွက် စီမံဆောင်ရွက်ထားရှိမှုများနှင့် စပါးတစ်ဧက ပန်းတိုင်အထွက်နှုန်း ကောင်းမွန်ရေးအတွက် စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

## ဆောင်ရွက်

ထို့နောက် မြို့တော်ဝန်နှင့် အဖွဲ့သည် ကျွဲရေကုန်းကျေးရွာအုပ်စု စပါးစိုက်ကွက်ရှိ ရွှေသွယ်ရင်နွေစပါး စိုက်ပျိုးရှင်သန်ဖြစ်ထွန်းမှု အခြေအနေနှင့် သဘာဝဓာတ်မြေဩဇာ၊ သဘာဝပိုးသတ်ဆေးပက်ဖျန်း ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန ဌာနမှူးနှင့် စိုက်ကွက်တာဝန်ခံတို့အား လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့် အဖွဲ့သည် မဲကင်းကုန်းကျေးရွာအုပ်စုအတွင်း စိုက်ပျိုးရှင်သန်အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ရွှေသွယ်ရင် နွေစပါးစိုက်ခင်းများနှင့် ရေသွင်းမြောင်းမှတစ်ဆင့် စိုက်ကွက်များအတွင်း စိုက်ပျိုးရေရရှိမှုအခြေအနေ၊ ဘဲကောင်ရေ ၅၀၀ မွေးမြူထားရှိမှုနှင့် စပါးရိတ်သိမ်းစက်၊စပါးခြွေလှေ့စက် အခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး မြို့တော်ဝန်က ပန်းတိုင်အထွက်နှုန်း ကောင်းမွန်အောင်ဆောင်ရွက်ရေး၊ နွေစပါးရိတ်သိမ်းအပြီး မိုးစပါးဆက်လက် စိုက်ပျိုးနိုင်ရန် ကြိုတင်စီမံဆောင်ရွက်ထားရှိရေးဆောင်ရွက်သွားရန် စိုက်ပျိုးရေးနှင့်မွေးမြူရေးဌာန ဌာနမှူးနှင့် စိုက်ကွင်းတာဝန်ခံတို့အား မှာကြားကာ စိုက်ပျိုးရေးလုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် မန္တလေးကျုံးပတ်လည်တစ်လျှောက် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများနှင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာတာဝန်ရှိသူ များကို လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၁၁၃)



**ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ဇွန်၁ရက်က မင်းပြား-စမ္ပာလေ ကျေးလက် ကျောက်ချောလမ်း အပိုင်း(၂)ကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဘုန်းမောင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂)ဦးအောင်ထွန်းတို့က ရှင်းလင်းတင်ပြစဉ်။**

(မြို့နယ်စည်ပင်)



**စည်ပင်သာယာရေး ဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွန့်နှင့်အဖွဲ့ ပခုက္ကူမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ဗိုလ်ချုပ်ပန်းခြံအတွင်းရှိ ပျိုးဥယျာဉ်ကို မေ၂၁ ရက်က ကြည့်ရှုစစ်ဆေးစဉ်။**

(မြို့နယ်စည်ပင်)

## လုပ်ငန်းဆောင်ရွက်ရမည့် မှာကြားချက်ထပ်ဆင့်ရှင်း

**ကော့သောင်း ဇွန် ၂**

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၏ မှာကြားချက်နှင့် ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်ညွှန်ကြားရေးမှူးများ၏ မှာကြားချက်များထပ်ဆင့်ရှင်းလင်းပွဲကို မေ၂၂ရက်က ကော့သောင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး စာကြည့်တိုက်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ဦးစီးအရာရှိ ဦးမြင့်အေးက ဝန်ကြီး၏ မှာကြားချက်များနှင့် ညွှန်ကြားရေးမှူးချုပ်၏ ၂၀၀၇-၂၀၀၈ ကာလအတွင်း လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ရမည့် မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းသည်။

အဆိုပါရှင်းလင်းပွဲသို့ ကော့သောင်းခရိုင် ရုံးဝန်ထမ်းများနှင့် ခမောက်ကြီးမြို့ရုံးဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**


**ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန**
**(အောက်မြန်မာပြည်)**
**ရန်ကုန်အဝေးသင်တက္ကသိုလ်**
**e- Education Learning Centre**
**သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်**
**(တနင်္လာမှ သောကြာ) မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ**
**(စနေ၊ တနင်္ဂနွေ) နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ**

**၁၈-၆-၂၀၀၇ (တနင်္လာနေ့)**
- ❑ Teaching Business English (1,2)
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာဆရာမများ
- ❑ Teaching Business English (3)
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာဆရာမများ

**၁၉-၆-၂၀၀၇ (အင်္ဂါနေ့)**
- ❑ Teaching Literature as Resource in Language Classrooms
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာဆရာမများ
- ❑ Promoting Reading Skills
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာဆရာမများ

**၂၀-၆-၂၀၀၇ (ဗုဒ္ဓဟူးနေ့)**
- ❑ Teaching Listening Skills
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာဆရာမများ
- ❑ Developing Speaking Skills
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာဆရာမများ
- ❑ Developing Reading Skills
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာဆရာမများ

**၂၁-၆-၂၀၀၇ (ကြာသပတေးနေ့)**
- ❑ Developing Writing Skills
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာဆရာမများ
- ❑ Integrated Skills
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာဆရာမများ

**၂၂-၆-၂၀၀၇ (သောကြာနေ့)**
- ❑ Psycholinguistics (3,4,5)
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာဆရာမများ
- ❑ Error Analysis (1,2,3)
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာဆရာမများ

**၂၃-၆-၂၀၀၇ (စနေနေ့)**
- ❑ Introducing Logic
  - ဒဿနိက၊ အင်္ဂလိပ်စာ၊ သမိုင်း၊ ဥပဒေ၊ ပထဝီဝင်၊ စိတ်ပညာ၊ အရှေ့တိုင်း
- ❑ The Study of Proposition I
  - ဒဿနိက၊ အင်္ဂလိပ်စာ၊ သမိုင်း၊ ဥပဒေ၊ ပထဝီဝင်၊ စိတ်ပညာ၊ အရှေ့တိုင်း
- ❑ The Study of Proposition II
  - ဒဿနိက၊ အင်္ဂလိပ်စာ၊ သမိုင်း၊ ဥပဒေ၊ ပထဝီဝင်၊ စိတ်ပညာ၊ အရှေ့တိုင်း
- ❑ Subsidiary of Induction
  - ဒဿနိက၊ အင်္ဂလိပ်စာ၊ သမိုင်း၊ ဥပဒေ၊ ပထဝီဝင်၊ စိတ်ပညာ၊ အရှေ့တိုင်း
- ❑ Mills Method
  - ပထမနှစ် ဒဿနိကဗေဒအထူးပြု
- ❑ The Study of Immediate Inference
  - ဒဿနိက၊ အင်္ဂလိပ်စာ၊ သမိုင်း၊ ဥပဒေ၊ ပထဝီဝင်၊ စိတ်ပညာ၊ အရှေ့တိုင်း
- ❑ Total Debtors Account and Total Creditors Account
  - ပထမနှစ် စီးပွားရေးအထူးပြု
- ❑ Trading, Profit and Loss Account and Balance Sheet
  - ပထမနှစ် စီးပွားရေး၊စီးပွားစီမံအထူးပြု
- ❑ Sampling Distribution
  - ပထမနှစ် စီးပွားရေး၊စီးပွားစီမံအထူးပြု
- ❑ Probability Distributions
  - ပထမနှစ် စီးပွားရေး၊စီးပွားစီမံအထူးပြု
- ❑ Income and Expenditure Account
  - ပထမနှစ် စီးပွားရေးအထူးပြု
- ❑ Consignment Account
  - ပထမနှစ် စီးပွားရေးအထူးပြု

**၂၄-၆-၂၀၀၇ (တနင်္ဂနွေနေ့)**
- ❑ နိုင်ငံတော်မျက်နှာ
  - ပထမနှစ်အထူးပြုအားလုံး
- ❑ ရှေးခေတ်ပုဂံပြည်
  - ပထမနှစ်အထူးပြုအားလုံး
- ❑ ဥမ္မာဒန္တီပျို့
  - ပထမနှစ်မြန်မာစာအထူးပြု
- ❑ လယ်ထွန်မင်္ဂလာ
  - ပထမနှစ်မြန်မာစာအထူးပြု
- ❑ ကိုလိုနီခေတ်မြန်မာစာပေ
  - ပထမနှစ်မြန်မာစာအထူးပြု
- ❑ သင်္ကြန်အခါ အလံတိုင်ဘုရားမှာ
  - ပထမနှစ်မြန်မာစာအထူးပြု
- ❑ ပါဠိဘာသာနိဒါန်း
  - ပထမနှစ်အရှေ့တိုင်း၊ မြန်မာစာ၊ ဒဿနိက၊ ရသစာပေအထူးပြု
- ❑ သရများ
  - ပထမနှစ်အရှေ့တိုင်း၊ မြန်မာစာ၊ ဒဿနိက၊ ရသစာပေအထူးပြု
- ❑ ရှင်ပြုပွဲ
  - ပထမနှစ်အရှေ့တိုင်းပညာအထူးပြု
- ❑ ပညာရေးဆိုင်ရာ မင်္ဂလာများ
  - ပထမနှစ်အရှေ့တိုင်းပညာအထူးပြု
- ❑ ကိတ်နာမ်များ
  - ပထမနှစ်အရှေ့တိုင်း၊ မြန်မာစာ၊ ဒဿနိက၊ ရသစာပေအထူးပြု
- ❑ အက္ခရာဌာန်
  - ပထမနှစ်အရှေ့တိုင်း၊ မြန်မာစာ၊ ဒဿနိက၊ ရသစာပေအထူးပြု

# ဓနုဖြူ မြို့နယ်ကျောင်းတိုက်များသို့ ရေချိုငါးပိများဆက်ကပ်

ဓနုဖြူ ဇွန် ၁၂

**ဓနုဖြူမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ မြို့နယ်အတွင်းရှိ ကျေးရွာများနှင့် မြို့တွင်းစာသင်တိုက်များသို့ ရေလုပ်ငန်းရှင်များ၏ ဆဋ္ဌမအကြိမ်မြောက် ဝါတွင်း၊ ဝါပ အာဟာရဒါန အထောက်အကူပြု ဆွမ်းဟင်းလျာဖြစ်သော ရေချိုငါးပိ ၅၃၃ ပိဿာ လှူဒါန်းပွဲကို ဇွန် ၁၀ ရက် မွန်းတည့် ၁၂ နာရီက အဆိုပါကျောင်းများ၌ ကျင်းပသည်။**



လှူဒါန်းပွဲတွင် ကျေးရွာများနှင့် မြို့တွင်းရှိ စာသင်တိုက် ၁၂ တိုက်၊ အခြားကျောင်းသုံးကျောင်း၊ သီလရှင်ကျောင်း တစ်ကျောင်းတို့မှ သံဃာများသို့ ခရိုင်ဥက္ကဋ္ဌ ဦးဌေးဝင်း၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးတင်ထွန်းအောင်နှင့် မြို့နယ်ဥက္ကဋ္ဌ ဦးတင့်လွင်၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးအုန်းဝင်းတို့က တစ်ကျောင်းဝင်တစ်ကျောင်းထွက် သွားရောက်၍ ရေချိုငါးပိများကို ကျောင်းထိုင်ဆရာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။**(ယာပုံ)**

ထို့နောက် လှူဒါန်းမှုအစုစုကို မအူပင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဌေးဝင်းနှင့် အဖွဲ့ဝင်များ၊ ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးတင်ထွန်းအောင်နှင့် ဝန်ထမ်းများ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးအုန်းဝင်းနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များသည် ဆရာတော်များထံမှ ရေစက်ချ တရားနာယူကြသည်။

အဆိုပါ ဆဋ္ဌမအကြိမ်မြောက် လှူဒါန်းသော ရေချိုငါးပိ ၅၃၃ ပိဿာ၏ ကုန်ကျမှုတန်ဖိုးမှာ ငွေကျပ် ၁၁ သိန်းကျော်ခန့်ဖြစ်ကြောင်း သိရသည်။ **(၀၈၅)**




**မိခင် ဒေါ်မြမြအား အမှူးပြု၍ ရန်ကုန်တိုင်း တာမွေမြို့နယ် ကျောက်မြောင်း သမာဓိလမ်း အမှတ် ၁၆ ဒုတိယထပ်နေ သား ဦးမောင်မောင်မြင့်နှင့် မြေး ထက်ထက်ဟန်တို့က ဒဂုံမြို့နယ် အမှတ်၁၆ စကားဝါလမ်း မင်းကွန်း ဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် တစ်သိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာတရား နာယူပြီး တိ=နိ(ရန်ကုန်ဌာန)အုပ်ချုပ်ရေးမှူး(စိမံ) ဦးထွန်းမြင့်ထံပေးအပ်လှူဒါန်းစဉ်။**

(က–ပ)

# စဥ့်ကူးမြို့နယ်၌ ကျောင်းအပ်နှံရေးနေ့ကျင်းပ ကွန်ပျူတာနှင့် ပရင်တာပေးအပ်လှူဒါန်း

**စဥ့်ကူး ဇွန် ၃**

၂၀၀၇–၂၀၀၈ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားများကို စဥ့်ကူးမြို့နယ် ကျောင်းအသီးသီးတွင် တစ်ပြိုင်တည်း ကျင်းပလျက်ရှိရာ မေ ၂၉ရက် နံနက် ၁၀နာရီက ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို စဥ့်ကူးမြို့ အခြေခံ ပညာအထက်တန်းကျောင်းတွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်လေးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်သန်းနွဲ့က ကျောင်းအပ်နှံရေးနေ့နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

**လက်ခံ**

အခမ်းအနားတွင် အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက ရွှေပြည်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)သို့ လှူဒါန်းသော ကွန်ပျူတာတစ်စုံနှင့် ပရင်တာတစ်လုံးကို မြို့နယ်ဥက္ကဋ္ဌက ပေးအပ်ရာ တာဝန်ခံ ကျောင်းအုပ်ဆရာကြီး ဦးမြင့်ဆွေက လက်ခံယူသည်။ **(ဝဲပုံ)**

ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌ၊ မြို့နယ်အသင်းအတွင်းရေးမှူးဦးတောက်နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌတို့က မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းများမှ ချို့တဲ့ ကျောင်းသား ကျောင်းသူများအား ပညာသင်စရိတ် ထောက်ပံ့ငွေများ ပေးအပ်ရာ မြို့နယ်ပညာရေးမှူး၊ လက်ထောက်မြို့နယ်ပညာရေးမှူးနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မြင့်ဦးတို့က လက်ခံယူကြသည်။

**ပေးအပ်**

ထို့နောက် မြို့နယ်ပညာရေးမှူး ဒေါ်သန်းနွဲ့က ပညာရေးဝန်ကြီးဌာနက ပေးအပ်လှူဒါန်းသော သူငယ်တန်း ဖတ်စာအုပ် အစုံ ၂၅၀၀ ကို စဥ့်ကူး အထက၊ ရွှေကူကြီးအမကနှင့် ရပ်ကွက်(၁) အမကတို့မှ ကျောင်းသား ကျောင်းသူများအား ပေးအပ်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# ရွှေရင်အေးစပါးနှင့် ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးရန် တာဝန်ပေးအပ်ပွဲကျင်းပ

နောင်တရား ဇွန် ၆

*စိုက်ပျိုးရာသီချိန် ရွှေရင်အေးစပါးနှင့် ခြံစည်းရိုးကြက်ဆူပင် ရည်မှန်းချက် စိုက်ကေကျော် လွန်ပြည့်မီစွာ စိုက်ပျိုးရေး တာဝန်ပေးအပ်ပွဲကို မေ ၂၄ရက် နံနက်၁၀နာရီက နောင်တရားမြို့နယ်အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးညီညီအောင်က အမှာစကား ပြောကြားပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများက ကဏ္ဍအလိုက် ဖြည့်စွက် ဆွေးနွေးကြသည်။*

*ထို့နောက် ရပ်ကွက်၊ ကျေးရွာအုပ်စု အလိုက် စိုက်ပျိုးရမည့် ရွှေရင်အေးစပါးနှင့် အခြားသီးနှံများ၊ ခြံစည်းရိုးကြက်ဆူစိုက်ပျိုးရေး ကိစ္စရပ်များကို မြို့နယ်အုပ်ချုပ်ရေးမှူးက ဌာနအလိုက် လည်းကောင်း၊ ကျေးရွာအုပ်စုဥက္ကဋ္ဌများသို့ လည်းကောင်း တစ်ဦးချင်းစီ တာဝန်ပေးအပ်သည်။*

*တာဝန်ပေးအပ်ပွဲသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် စာရေးများ၊ စိုက်ပျိုးရေးဝန်ထမ်းများနှင့် မြေစာရင်းမှ ဝန်ထမ်းများ တက်ရောက်ကြသည်။* (၃၆၉)



# မြို့နယ်သတင်းများ

# နွားထိုးကြီးမြို့ တက်စည်ကျေးရွာ လျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်

နွားထိုးကြီး ဇွန် ၇

**နွားထိုးကြီးမြို့နယ် ဇေဒိတ်ကျေးရွာအုပ်စု တက်စည်ကျေးရွာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်ပွဲ အခမ်းအနားကို မေ၃၀ရက် ညနေ၄နာရီက တက်စည်ကျေးရွာ စည်ရတနာကျောင်းတိုက်အတွင်းရှိ ပဋ္ဌာနရတနာ့ဗိမာန်တွင် ကျင်းပသည်။**

အခမ်းအနားတွင် ကျေးရွာဥက္ကဋ္ဌဦးကျော်လှိုင်နှင့် ကျေးရွာမီးလင်းရေး ကော်မတီဥက္ကဋ္ဌဦးမြသိန်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပြီး **(အောက်ပုံ)** မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးဦးရဲမြင့်အောင်က စက်ရုံကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးက အဖွင့်အမှာ စကားပြောကြားပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ(ငြိမ်း)ဦးမြင့်ဆွေက ဝမ်းမြောက်စကားပြောကြားသည်။

ထို့နောက် ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌဦးမြသိန်းက မီးလင်းရေးကိစ္စရပ်များကို ရှင်းလင်းပြောကြားပြီး ကျေးရွာပြည်သူများကိုယ်စား ဒေါ်လှခင်က ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ ဦးပြောင်း–ဒေါ်လှခင်(ပေါက်ကျိုင်းမိသားစု)က ဂုဏ်ပြုပန်းခြင်းပေးအပ်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက လက်ခံယူကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါကိုယ့်အားကိုယ်ကိုး လျှပ်စစ်ဓာတ်အားပေးစက်ရုံအတွက် ငွေကျပ် ၂၄ သိန်းကျော် အကုန်အကျခံ၍ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**



# ကထာဝတ္ထုပါဠိတော်ကျမ်းအတွက် ကြေးပြားများလှူဒါန်း

**ရန်ကုန် ဇွန် ၁၄**

ကြေးပိဋကတ်တော် အဘိဓမ္မာပိဋကဝင် ပဉ္စမအုပ် ကထာဝတ္ထုပါဠိတော်ကျမ်းအတွက် ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏ(အစိုးရဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ)အရှင်မြတ်ထံသို့ တာမွေမြို့နယ် ကျောက်မြောင်း ဣန္ဒာသယလမ်းနေ နှစ်ဖက်သောဘိုးဘွား၊ မိဘများအား ရည်စူး၍ ဦးအောင်ပြည့်စုံ–ဒေါ်စိန်စိန်နှင့် သမီး နှင်းမြသန္တာ–နေမျိုးသီဟ၊ မောင်ကျော်လှခိုင်၊ အင်းစိန်မြို့နယ် ထန်းပင်ကုန်း နှင်းဆီလမ်းနေ ဗိုလ်မှူးလွင်မြင့်(ငြိမ်း)–ဒေါ်ခင်တုတ်နှင့် သားသမီး၊ မြေးတစ်စု၊ သဃ်န်းကျွန်းမြို့နယ် ဝေဇယန္တာလမ်း (၁၆/၁) ရပ်ကွက် အမှတ် (၁၁၈၇) နေ မိခင်ကြီး ဒေါ်ညွန့်ရင်အား အမှူးထား၍ ဦးအေးသန့်–ဒေါ်ခင်ဝင်းမြင့်၊ သား အောင်ကျော်သက်၊ နေမျိုးကျော်နှင့် ဦးဟံတင်–ဒေါ်သန်းသန်းဌေး၊ သမီး စုလှိုင်ထွန်း မိသားစု၊ ဗဟန်းမြို့နယ် နတ်မောက်လမ်း ဗိုလ်ချို(၂)ရပ်ကွက်နေ ဒေါက်တာရဲမြင့်–ဒေါ်ရီရီမြ၊ သမီး ဆုစန္ဒီမြင့်၊ တာမွေမြို့နယ် ၁၆၆လမ်း အမှတ်(၃၅) ဒုတိယထပ်နေ ဦးစံထွန်း– ဒေါ်ခင်ပြုံးရီ၊ သမီး မသော်သော်ထွန်း၊ မခိုင်ဖြိုးဝေ၊ လမ်းမတော်မြို့နယ် ၁၄လမ်း အမှတ် (၇၈) နေ မိဘနှစ်ပါးအား ရည်စူး၍ သမီးဒေါ်သန်းသန်းမြင့်၊ ဒေါ်စန်းစန်းမြင့်၊ မသီရိမျိုးဆွေ မောင်နှမတစ်စု၊ ကမာရွတ်မြို့နယ် (၄) ရပ်ကွက် ၄ လမ်း အမှတ်(၁၃/က)နေ ဒေါ်စီလိ(ခ) ဒေါ်တင်မြအားရည်စူး၍ ဦးချစ်မောင်နှင့် သမီးများဖြစ်ကြသော ဒေါ်တင်ဆွေဦး၊ ဒေါ်သန်းမော်၊ ဒေါ်သန်းသန်းယု၊ မရမ်းကုန်းမြို့နယ် သမိုင်း အောင်သိဒ္ဓိ အောင်မင်္ဂလာလမ်း အမှတ် (၁၈) နေ နှစ်ဖက်မိဘများနှင့် ခင်ပွန်း ဦးလှမြင့်တို့အား ရည်စူး၍ ဒေါ်မြမြအေး သားသမီး၊ မြေးတစ်စု၊ ဗဟန်းမြို့နယ် ကုက္ကိုင်း နတ်မောက်ရိပ်သာလမ်း အမှတ်(၂၆)နေ ဒေါ်သောင်းမြိုင်၊ တာမွေမြို့နယ် ကျောက်မြောင်း အောင်မင်္ဂလာလမ်း အမှတ် (၄၈) လေးလွှာနေ ဦးတင်မောင်ဝင်း–ဒေါ်နုနုထွေး၊ သမီး မမေသူခိုင်၊ ဗဟန်းမြို့နယ် စမ်းရေတွင်း ရပ်ကွက် စမ်းရေတွင်းလမ်း အမှတ် (၃၄/K)နေ ကိုကျော်လင်းအောင်–မမေသူလွင်၊ သား မောင်ဖုန်းမြတ်သူရကျော်၊ တောင်ကြီးမြို့နေ ဦးခွန်အောင်ထွန်း–ဒေါ်နန်းခင်ဖြူ၊ သမီး နန်းနီထူးယံ၊ သား ခွန်ဉာဏ်ဖွေထူး၊ ဦးချစ်ကောင်းအားရည်စူး၍ ဒဂုံမြို့နယ် ဦးဝိစာရလမ်း ဦးဝိစာရရိပ်သာ အမှတ် (၂၇) နေ ဒေါ်ခင်မျိုးညွန့်၊ သား ဦးစိုးချစ်ထွန်း၊ သမီး ဒေါ်ခင်မာအေးချစ်၊ ဒေါ်ခင်မေထွန်းချစ်မိသားစု၊ ကမာရွတ်မြို့နယ် လှည်းတန်းလမ်း အမှတ် (၈) ရပ်ကွက် စန္ဒာမြိုင်စင်တာ အမှတ် (၄/၈၁၁)နေ ဦးခင်အေး(စာရေးဆရာ မောင်ခင်မင်–ဓနုဖြူ)–ဒေါ်စုစုနွယ်၊ သမီး မသူသူနွယ်အေး၊ အထက်ကြည့်မြင်တိုင်လမ်းမကြီး မကျည်းတန်တောင်/အရှေ့ရပ်ကွက် အမှတ် ၁၂၁ နေ ဒေါ်သန်းကြိုင်၊ ဒေါ်ခင်သိန်းရီ မိသားစုတို့က ကြေးပြားသုံးချပ်စီ စုစုပေါင်း ၄၈ချပ် တန်ဖိုးငွေကျပ် ကိုးသိန်းခြောက်သောင်းကို လာရောက်လှူဒါန်းကြသည်။

**ဆက်သွယ်လှူဒါန်းနိုင်**

အလှူရှင်များ လှူဒါန်းလိုပါက မင်္ဂလာတိုက်ကျောင်း ကျောင်းတော်ရာ ရွှေကျင်တိုက် ကိုယ့်မင်းကိုယ့်ချင်းလမ်း ဗဟန်းမြို့နယ် ဖုန်း–၅၄၈၀၅၊ ၀၉–၅၁–၉၅၂၀၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(က–ပ)**





**ခြီစည်းရိုး ကြက်ဆူပင်များ**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ပဲခူးမြို့ နယ်မြေခံတပ်ရင်း၌ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေသော ခြံစည်းရိုးကြက်ဆူပင်များကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ အမှတ်(၇၇)ခြေမြန်တပ်မ ကွပ်ကဲမှုအောက်ရှိတပ်ရင်းများ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲ တက်ရောက်အားပေးချီးမြှင့်

နေပြည်တော် ဇွန် ၁၄

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့နံနက်ပိုင်းတွင် ပဲခူးမြို့ရှိ အမှတ်(၇၇)ခြေမြန်တပ်မဌာနချုပ် လက်အောက်ခံ တပ်ရင်းများ၏ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲများသို့ တက်ရောက်အားပေးချီးမြှင့်ပြီး ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပေးသည်။**

## ကြိုဆို

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မော်တော်ယာဉ်များဖြင့် ရန်ကုန်တိုင်းနှင့် ပဲခူးတိုင်းအစပ်ရှိ ဝမ်းဘောဒတ်တံတားသို့ ရောက်ရှိကြရာ အမှတ်(၇၇) ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် တပ်မတော်အရာရှိကြီးများက ကြိုဆိုကြသည်။

## ရောက်ရှိ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ပဲခူးမြို့ မဇင်းရေလှောင်တမံအနီးရှိ နယ်မြေခံတပ်ရင်း၏ ခြံစည်းရိုးကြက်ဆူစိုက်ခင်း(၂)သို့ ရောက်ရှိကြသည်။

**စာမျက်နှာ ၄ ကော်လံ ၁** ●

**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

# NLD ပါတီသည် နိုင်ငံနှင့်လူမျိုး ဒုက္ခရောက်စေမည့် ထိပ်တိုက်ရင်ဆိုင်တွေ့ဆုံရေးလုပ်ရပ်များကို ရှေးရှုဆောင်ရွက်နေ ပါတီနှင့်ပါတီခေါင်းဆောင်များအပေါ် ယုံကြည်အားထားမှုမရှိ ကျိုက်မရော၊ လှည်းကူးနှင့် အိမ်မဲမြို့နယ်တို့မှ ပါတီဝင် ၁၂ ဦး နုတ်ထွက်

**ရန်ကုန် ဇွန် ၁၄**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ဒေါ်တင်တင်အေး၊ ဦးမောင်စိန်နှင့် ဦးခင်စန်းတို့သည် ဇွန် ၈ ရက်တွင်လည်းကောင်း၊ ရန်ကုန်တိုင်း လှည်းကူးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ဦးမောင်ဝင်း၊ ဦးတင်လှိုင်နှင့် ဧရာဝတီတိုင်း အိမ်မဲမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ

**စာမျက်နှာ ၄ ကော်လံ ၁** ■



မော်လမြိုင်မြို့၌ တပ်ဆင်ထားသော ပင်လယ်ရေပြင်အမြင့်တိုင်း ကိရိယာကို ဤသို့တွေ့ရသည်။

ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

# မြန်မာနိုင်ငံ၌ အင်အားပြင်းငလျင်လှုပ်နိုင်မှု အထောက်အထားမရှိ မိုးနှောင်းနှင့် မိုးလွန်ကာလများတွင် မိုးကောင်းနိုင်

တွေ့ဆုံမေးမြန်းသူ - မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ- တင်စိုး(မြန်မာ့အလင်း)

**ရန်ကုန် ဇွန် ၁၄**

မြန်မာနိုင်ငံသို့ မုတ်သုံဝင်ရောက်နေပြီဖြစ်သည်။ မုတ်သုံဝင်စအချိန်ကာလများတွင် ရာသီဥတုအခြေအနေက အပြောင်းအလဲများဖြစ်တတ်သည်။ ထိုသို့သော အချိန်ကာလတွင် ဆူနာမီနှင့်ပတ်သက်သည့် ကောလာဟလသတင်းများလည်း အချိန်ကိုက်ဖြစ်ပေါ်လာရာ မြန်မာ့အလင်းသတင်းအဖွဲ့က မြန်မာနိုင်ငံ မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်နှင့် တွေ့ဆုံမေးမြန်းမှုများကို ဖော်ပြလိုက်ပါသည်။

## အထောက်အထား

မြန်မာနိုင်ငံတွင် အင်အားပြင်း ငလျင်လှုပ်နိုင်မှုရှိ မရှိနှင့်ပတ်သက်၍ မေးမြန်းရာ “သဘာဝဘေးအန္တရာယ်ကို ကြိုတင်ကာကွယ်တဲ့အနေနဲ့ နိုင်ငံတော်က

**စာမျက်နှာ ၁၁ ကော်လံ ၁** ❐



စစ်တွေမြို့တွင် တပ်ဆင်ထားသော ပင်လယ်ရေပြင်အမြင့်တိုင်း ကိရိယာကို ဤသို့တွေ့ရသည်။

ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)